ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (28-12-2007) (၅၅၄၅)

# မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်ကြီးများနှင့် မော်လမြိုင်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကဆရာတော်ကြီးများနှင့် မော်လမြိုင်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



နေပြည်တော်　　ဒီဇင်ဘာ　　၂၇

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော မွန်ပြည်နယ် ဂိုဏ်းပေါင်းစုံသံဃနာယက ဆရာတော်ကြီးများနှင့် မော်လမြိုင်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

အခမ်းအနားသို့ ဂိုဏ်းပေါင်းစုံမှ သံဃနာယကဆရာတော်ကြီးများနှင့် မော်လမြိုင်မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒါယကာ ဒါယိကာမများ ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကိုနမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ ကော့လှာပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသထံမှ ဗိုလ်ချုပ်သာအေးနှင့် ဒါယကာ ဒါယိကာမ တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဝဲပုံကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ကော့လှာပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသထံ ဗိုလ်ချုပ်သာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ ကော့လှာပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**ဘီးလင်းမြို့နယ်မှ ပရဟိတ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးကျောင်း သတင်းဆောင်းပါး**

စာမျက်နှာ(၉)






**မကြာမီ ကျင်းပတော့မည့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်(၂၀၀၇-၂၀၀၈) အကြို သတင်းဆောင်းပါး**

စာမျက်နှာ(၈)

ကြေးမုံ The Mirror

**ယနေ့ သတင်း အညွှန်း**

In Buddha's Land မိုးမင်း(Rays) ၏ ဓာတ်ပုံပြပွဲ သတင်း

စာမျက်နှာ-၅

ပရိမီယာလိဂ်ယှဉ်ပြိုင်မှု ပြင်းထန်ဒဏ်ရာရမှုဝေဖန် (အားကစားသတင်းဆောင်းပါး)

စာမျက်နှာ-၅

မှူခင်းသတင်းများ

စာမျက်နှာ-၁၂

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၈–၁၂–၂၀၀၇
(သောကြာနေ့)

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တိုးမြှင့်တင်ပို့

မြန်မာနိုင်ငံတွင် ရေမြေရာသီဥတု ကောင်းမွန်သဖြင့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသည်။ စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ပြောင်း၊ ကြံနှင့် ဟင်းသီးဟင်းရွက်များကို အချိန်ရာသီနှင့်အညီ သီးထပ်သီးညှပ် စိုက်ပျိုးလျက်ရှိသည်။

ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း စသည့်ဒေသများတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ သစ်သီးဝလံအမျိုးပေါင်း ၇၀ ကျော်၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံနှင့် ပန်းမန်အမျိုးပေါင်း ၁၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။

အချို့ဒေသများတွင် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများက စိုက်ပျိုးမွေးမြူရေး အထူးဇုန်များ တည်ထောင်လုပ်ကိုင်နေကြသည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ညောင်နှစ်ပင်ကျေးရွာအနီးမှ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်ငါးမွေးမြူရေး အထူးဇုန်နှင့် လှည်းကူးမြို့နယ်ရှိ စိုက်ပျိုးရေးနယ်မြေမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များနှင့် သဘာဝမြေဩဇာများ အသုံးပြုလုပ်ကိုင်လျက်ရှိရာ သီးနှံများလှိုင်လှိုင် ထွက်ရှိနေသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်သို့ပါ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းစိုက်ပျိုးလျက်ရှိသည်။

သရက်သီး၊ သခွားမွေး၊ ဖရဲသီး၊ ငှက်ပျောသီး၊ မာလကာသီး၊ နာနတ်သီး၊ သဘော်သီး စသည့်သီးနှံအချို့ကို တင်ပို့ရောင်းချနေသည်။ ယခုအချိန်သည် ဖရဲသီးနှင့်သခွားမွေးများ ထွက်ချိန်ဖြစ်ရာ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ကုန်တင်ကားကြီး၊ ကားငယ်များဖြင့် နေ့စဉ်လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု နည်းပါးသည့်အတွက် ပြည်ပဈေးကွက်တွင် ရောင်းပန်းလှသည်။ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများက ခေတ်မီနည်းစနစ်များအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးခြင်း၊ အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပြည်ပသစ်သီးဈေးကွက်သို့ပင် တိုးမြှင့်တင်ပို့ ရောင်းချသွားနိုင်မည် ဖြစ်ပါသည်။ ။



ဒီဇင်ဘာ ၂၁ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မူလွန်(၁၄) ကျောင်းတွင် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပရာ တတိယတန်းဘက်စုံ ဘာသာစုံထူးချွန်ပထမ၊ ဒုတိယတန်းပထမဆုရရှိသူ မထက်ဝန်းသော်တာအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်လှိုင် ဆုချီးမြှင့်စဉ်။ (ဖဥ)

## ကျိုက်ထီးရိုးမဟာစည်ရိပ်သာ အလှူငွေပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးမဟာစည် သာသနာ့ရိပ်သာအတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒ (မဟာစည်နာယက)သာသာကုန်းဆရာတော် ဦးဆောင် တည်ဆောက်လျက်ရှိသော အမျိုးသမီးယောဂီဆောင် ဆောက်လုပ်ရန်အတွက် ဒေါ်သန်းတင်မိသားစု (က/၆၀၂၊ နွယ်သာကီ–၂လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်)နှင့် ဦးစိုးလှိုင်–ဒေါ်ခင်သန်းမြင့် (ဝေဇယန္တာဥယျာဉ်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်)မှ အလှူငွေကျပ် ၁၂ သိန်းစီ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(က–ပ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

**ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဒီဇင်ဘာ ၂၅ ရက်တွင် အုတ်တွင်းမြို့နယ်ရှိ ဝဲဒေါင့်ကျေးရွာသို့ရောက်ရှိကြပြီး ဝဲဒေါင့်၊ တောပု၊ ကြက်တက်ညောင်ပင်နှင့် ရွှေလောင်းကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားဆက်လက်ပြောကြားပြီး ကျေးရွာအုပ်စုများကိုယ်စား ရပ်မိရပ်ဖ ဦးကျော်တောက အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများက ဒေသဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက အသင်းဝင်အဆိုပြုလွှာများကို ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းထံ ပေးအပ်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲတွင် ဝဲဒေါင့်ကျေးရွာအုပ်စုက အဆိုပြုလွှာ ၉၈၇ စောင်၊ တောပုကျေးရွာအုပ်စုက အဆိုပြုလွှာ ၈၄၂ စောင်၊ ကြက်တက်ညောင်ပင်ကျေးရွာအုပ်စုက အဆိုပြုလွှာ ၆၄၁ စောင်၊ ရွှေလောင်းကျေးရွာအုပ်စုက အဆိုပြုလွှာ ၅၁၀ စောင်ကို ပေးအပ်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု လေးအုပ်စုတို့၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲသို့ တက်ရောက်ကြစဉ်။** (ရထား)



**ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ လမ်းမတော်မြို့နယ်နေ ဦးမင်းရောင်–ဒေါ်ခင်ရီမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းစဉ်။** (က–ပ)

## အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် စာဖတ်ပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ဒီဇင်ဘာလစာဖတ်ပွဲတော် အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးကိုကိုထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာဖတ်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက စာဖတ်ဝိုင်းတွင် ချစ်နိုင် (စိတ်ပညာ)၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးဆောင်းပါး၊ စစ်မှန်တဲ့ မိတ်ဆွေကောင်းဆောင်းပါး၊ စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီဖြင့် အမျိုးသားရေးအောင်ပွဲ အဆင့်ဆင့်သို့ ဆောင်းပါး၊ ဆေးလိပ်သောက်သည့်လူကြီးနှင့်ဆေးလိပ်ရှူသည့် ကလေးဆောင်းပါး၊ နာမည်နှင့်လူဆောင်းပါးတို့ကို အသီးသီး ဖတ်ကြားသွားကြသည်။

**(ခရိုင်ပြန်/ဆက်)**

## ဇမ္ဗူအေးနှစ်ထပ်သိမ်တော်ကြီး ကြွေပြားခင်းခြင်းနှင့် မဟာရံတံတိုင်းအတွက် လှူဒါန်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးတွင် အပေါ်ထပ်၊ အောက်ထပ် ကြွေပြားခင်းခြင်းလုပ်ငန်းများနှင့် မဟာရံတံတိုင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တစ်ပေပတ်လည် ကြွေပြားတစ်ချပ် ကျပ်တစ်ထောင်နှုန်း၊ ၁၀ ပေပတ်လည်တစ်ခန်းအတွက် ကျပ်တစ်သိန်းနှင့် မဟာရံတံတိုင်းတစ်ခန်းအတွက် ကျပ်တစ်သိန်း ကျသင့်ရာ လှူဒါန်းလိုပါက ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ(ရတနာဇေယျုံကျောင်း) ဖုန်း–၆၉၀၁၂၄ထံ ဆက်သွယ်လှူဒါန်းကြရန် သိမ်တော်ကြီး တည်ဆောက်ရေးအဖွဲ့မှ နှိုးဆော်ထားသည်။ (က–ပ)




**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာနေ ကွယ်လွန်သူ (ကြေးမုံ တင်ကြိုင်)အား ရည်စူး၍ ဇနီး ဒေါ်ရီရီ(ကျောင်းအုပ်ဆရာမကြီး၊ငြိမ်း) (အမက–၁၇၊ ဗဟန်း)၏ (၆၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၅ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




❀ ရှေ့ဖုံးမှ

ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းဆွမ်းဆန်တော်နှင့်ဆီ၊ဆားလှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၂၀၆၈၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာသို့ ရောက်ရှိ၍ သံပုရာကျေးရွာရှေ့ပြည်သာယာမင်္ဂလာဈေးအတွင်း ဈေးရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လောင်စာဆီအစား စပါးခွံလောင်စာကို အသုံးပြုရေး မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့သို့ ရောက်ရှိကာ နယ်မြေခံတပ်ရင်းရှိ သူရငွေထွန်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် အဖွဲ့ဝင်များနှင့်အတူ ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာဆောင်၊ ဆေးသိုလှောင်ရုံ၊ မွေးလူနာဆောင်၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့နယ် ဇမိခန်းမ၌ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့သည် ချောင်းနှစ်ခွကျေးရွာနှင့် ကျွန်းကုန်းကျေးရွာအကြား မိုင်တိုင်အမှတ်(၇/၇)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပခုံးသား တိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ ဆန်၊ ဆီ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လူမှုဝန်ထမ်းဦးစီးဌာန နတ်မောက်လမ်းရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းအတွက် ဆန် ၁၀ အိတ်၊ ဆီသုံးပုံး၊ ဆားနှင့် ကုလားပဲ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။**

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်း ကျောင်းအုပ် ဒေါ်မာမာမြင့်က အမျိုးသမီး သက်မွေးအတတ်ပညာ သင်ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေးတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လူမှုဝန်ထမ်းဦးစီးဌာန နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## သံအမတ်ကြီး ဦးမင်းသိန်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ဘယ်လာရုစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းသည် ၎င်း၏ခန့်အပ်လွှာကို ဒီဇင်ဘာ ၁၁ ရက်တွင် မင့်စ်မြို့၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

## သီပေါမြို့သူ၊ မြို့သားများ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်ရောက် သီပေါမြို့သူ၊ မြို့သားများစုပေါင်း၍ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဒုတိယအကြိမ် (၂၀၀၆-၂၀၀၇)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများ ဆုပေးပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ ရက် (စနေနေ့)နံနက် ၉နာရီတွင် ကိုးမိုင်အောင်မြေဘုံသာ ရှမ်းကျောင်း၌ ကျင်းပပြီး နေ့ဆွမ်း ဆက်ကပ်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဆရာမ ဒေါ်ခင်မေကြည် ဖုန်း-၆၉၅၆၃၁၊ ဦးစိုင်းလူ ဖုန်း-၉၉၅၅၄၃၊ ဒေါ်ခင်မာလာစိုး ဖုန်း-၅၇၃၄၀၆၊ ၀၉၅၁၃၆၇၅၆၊ ဒေါ်နန်းခင်အုန်းကြည် ဖုန်း-၅၄၄၇၇၀၊ ၅၄၆၉၁၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။(က-ပ)

## လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဖေးရှင်းစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၇

စာရေးဆရာ ကျော်ကျော်ဝင်း (မဟာဝိဇ္ဇာ) ရေးသားသည့် **"လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဂလိုဘယ်လိုက်ဖေးရှင်း"** စာအုပ်**(ယာပုံ)**ကို တရားသစ္စာစာပေက ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်နည်းပညာ စသည်တို့ ကမ္ဘာလုံးဆိုင်ရာ တစ်ဆက်တစ်စပ်တည်း စုစည်းဖြစ်ပေါ်မှု ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်၊ ထောင်စုနှစ်ကြေညာချက်တို့နှင့် ဆက်စပ်လျက်ရှိသော လူသားဖွံ့ဖြိုးတိုးတက်မှုများအပြင် မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များနှင့် အနာဂတ်အလားအလာတို့ကို အချိတ်အဆက်မိမိ တင်ပြထားသည်။




အဆိုပါစာအုပ်ကို Wisdom House အခန်းအမှတ်-၃၀၂၊ တိုက် ၁၁၉၁-၁၁၉၂၊ လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၂၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

## ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့မြေ၌ ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များ မွမ်းမံပြင်ဆင်ဆောင်ရွက်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ မွမ်းမံပြင်ဆင်ဆောင်ရွက်သွားမည့် အစီအစဉ်ရှိသည်။

ယင်းသို့ မွမ်းမံပြင်ဆင်နေချိန်အတွင်း ရတနာကမ်းလွန်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ရာ အဆိုပါရက်ပိုင်းအတွင်း၌ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများအပါအဝင် စက်ရုံအချို့၏ ထုတ်လုပ်မှုနှုန်းကို ယာယီလျှော့ချရမည်ဖြစ်သည်။

သို့ရာတွင် ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကို ထိခိုက်မှုမရှိစေရအောင် သက်ဆိုင်ရာက စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်း ရေလွှမ်း ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်ထား

**ဂျကာတာ ဒီဇင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူလာဝေဆီကျွန်းရှိ ဂိုရွန်တာလာပြည်နယ်တွင် ရေလွှမ်းမိုးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း အင်တာရာသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

ဂိုရွန်တာလာပြည်နယ်တွင် ရေကျစပြုပြီ ဖြစ်သော်လည်း ရေမှတစ်ဆင့် သယ်ဆောင်သော ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂိုရွန်တာလာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း နေအိမ်ထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရသည်။ ဂိုရွန်တာလာမြို့ရှိ ရပ်ကွက်လေးခုတွင် ၇၀ စင်တီမီတာအနက်အထိ ရေမြင့်တက်ခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအထိ လာနီညာ ရာသီဥတု ထူးခြားဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် ရေလွှမ်းမိုးမှု ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသ ပညာရှင်များက ဟောကိန်း ထုတ်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘောဂျီမြို့တွင် ဒီဇင်ဘာ ၂၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လျှပ်စစ်ဖြင့်မောင်းနှင်သောလေယာဉ် ပြင်သစ်အင်ဂျင်နီယာများစမ်းသပ်

**ပါရီ ဒီဇင်ဘာ ၂၆**

ပြင်သစ်အင်ဂျင်နီယာများသည် လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သောလေယာဉ်တစ်စင်းကို ပထမဆုံးအောင်မြင်စွာ စမ်းသပ်မောင်းနှင်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက် ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ Electra F-WMDJ ဟု အမည်ပေးထားသော လျှပ်စစ်လေယာဉ်တွင် မြင်းကောင်ရေ ၂၅အင်အားရှိ လျှပ်စစ်မော်တာတစ်လုံးနှင့် လစ်သီယမ်-ပိုလီမာဘက်ထရီများ တပ်ဆင်ထားသည်။ အဆိုပါ လေယာဉ်ကို ၄၈ မိနစ်ကြာ စမ်းသပ်ပျံသန်းခဲ့သည်။ လျှပ်စစ်လေယာဉ် စမ်းသပ်ပျံသန်းခြင်းကို မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က ခွင့်ပြုပေးခဲ့ကြောင်း လျှပ်စစ်လေယာဉ်ထုတ်လုပ်ရေး စီမံကိန်းအကြီးအကဲ အန်းလက်ဘရန်းက ပြောကြားသည်။

ထိုင်ခုံတစ်လုံးတပ် လျှပ်စစ်လေယာဉ်သည် အလေးချိန် ၁၅၅ ကီလိုရှိပြီး လေယာဉ်တောင်ပံမှာ ကိုးမီတာရှည်သည်။

ပြင်သစ်မြို့ပြလေကြောင်းလုပ်ငန်းကဏ္ဍတွင် နည်းပညာအောင်မြင်မှုတစ်ရပ်အဖြစ် လျှပ်စစ်လေယာဉ်ကို အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ကြောင်း ပြင်သစ်အင်ဂျင်နီယာများက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




# တရုတ်၌ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးစမ်းသပ်မှု အောင်မြင်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံထုတ်ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးကို လူသားများတွင် စမ်းသပ်မှုသည် ဒုတိယအဆင့်အနေဖြင့် လက်တွေ့အကျိုးဖြစ်ထွန်း အောင်မြင်ကြောင်း ဒီဇင်ဘာ ၂၄ တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ကာကွယ်ဆေးကို ဆိုင်နိုဗက်ဘိုင်အိုတက်ချ်နှင့် တရုတ်နိုင်ငံ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပူးပေါင်းထုတ်လုပ်ခဲ့သည်။ ဆိုင်နိုဗက်ဘိုင်အိုတက်ချ်ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် ဆားစ်ရောဂါကာကွယ်ဆေးကို ပထမဆုံး ထုတ်လုပ်ခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထုတ်လုပ်သည့် အစီအစဉ်ကို တရုတ်နိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်စမ်းသပ်ထုတ်လုပ်သော အစီအစဉ်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး ဒုတိယအဆင့် လက်တွေ့စမ်းသပ်မှုများကို တရုတ်နိုင်ငံ အစားအစာနှင့် ဆေးဝါးစီမံကွပ်ကဲရေးဌာန၏ ထောက်ခံမှုဖြင့် စက်တင်ဘာမှ နိုဝင်ဘာလအထိ ကာလအတွင်းစမ်းသပ်ခဲ့သည်။ထိုဆေးဝါးများကို အသက် ၁၈နှစ်မှ ၆၀အကြား ရှိ စေတနာအလျောက် အစမ်းသပ်ခံသူ စုစုပေါင်း ၄၀၂ ဦး၏ အကူအညီဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

ထိုကာကွယ်ဆေးသည် နိုင်ငံတကာ စံချိန်စံညွှန်းနှုန်းထားဖြင့် ကိုက်ညီပြီး စမ်းသပ်မှု အောင်မြင်ခဲ့သည်။ စမ်းသပ်ခံရသူများ၌ မလိုလားအပ်သော ဝေဒနာလက္ခဏာမျိုးမတွေ့ရှိရသဖြင့် ကာကွယ်ဆေးသည် အန္တရာယ်ကင်းကင်းနှင့် စိတ်ချစွာ အသုံးပြုနိုင်သည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းစက်မှုလုပ်ငန်းမှ တည်ဆောက်သော ကမ္ဘာ့အကြီးဆုံးကုန်သေတ္တာတင် သင်္ဘောကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# သီရိလင်္ကာတောင်ပိုင်းရှိ အမျိုးသားဥယျာဉ် တစ်စိတ်တစ်ဒေသ ပြန်လည်ဖွင့်လှစ်မည်

**ကိုလံဘို ဒီဇင်ဘာ ၂၆**

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းရှိ ယာလာအမျိုးသားဥယျာဉ်ကို လုံခြုံရေးအခြေအနေအရ ပိတ်ထားခဲ့ရပြီးနောက် ဒီဇင်ဘာ ၂၈ ရက်တွင် တစ်စိတ်တစ်ဒေသ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း စစ်ဘက်ကတနင်္ဂနွေနေ့တွင် ပြောကြားသည်။

တစ်ဆာမာဟာရာမာမြို့ရှိ အမျိုးသားဥယျာဉ်ကို လုံခြုံရေးအရ အကဲဖြတ်မှုပြုလုပ်ပြီးနောက် ဥယျာဉ်၏မြေကွက်အမှတ်-၁ ကို ပြန်လည်ဖွင့်လှစ်မည်ဟု ယာလာဒေသ စစ်ဘက်အကြီးအကဲ ဗိုလ်မှူးချုပ်ဆူဒန်သာ ရာနာဆင်းက သတင်းထောက်များအား ပြောကြားသည်။ သို့ရာတွင် အမျိုးသားဥယျာဉ်၏ မြေကွက်အမှတ်-၂၊ ၃ နှင့် ၄ တို့ကိုမူ ပိတ်ထားကာ လုံခြုံရေးဇုန်အဖြစ် သတ်မှတ်ထားမည်ဖြစ်သည်။

တမီးလ်ကျားလွတ်မြောက်ရေးတပ်ဖွဲ့က အမျိုးသားဥယျာဉ်အတွင်း တာဝန်ချထားသော အစိုးရတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်က တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့သည်။

အမျိုးသားဥယျာဉ်အတွင်း မြေမြှုပ်မိုင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ သီရိလင်္ကာအစိုးရက အမျိုးသားဥယျာဉ်၏ လုံခြုံရေးအတွက် အထူးတပ်ဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်ချထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားဆိပ်ကမ်းမြို့တွင် ၁၂ထပ် အဆောက်အအုံ ပြိုကျပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ဗီယက်နမ်တွင် ရေသန့်ရရှိရေးနှင့် ကျေးလက်ကျန်းမာရေးအတွက် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ အသုံးပြုမည်

**ဟနွိုင်း ဒီဇင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံတွင် ရေကောင်းရေသန့် ရရှိရေးနှင့် ကျေးလက်ကျန်းမာရေးအစီအစဉ်တစ်ရပ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ အသုံးပြုဆောင်ရွက်မည် ဖြစ်ကြောင်း ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု သုံးသပ်ရေးအမည်ရှိ သတင်းစာက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

**ထည့်ဝင်**

ရေကောင်းရေသန့်ရရှိရေးနှင့် ကျေးလက်ကျန်းမာရေး အစီအစဉ်အတွက် သုံးစွဲမည့်ရန်ပုံငွေ၏ ၁၅ ရာခိုင်နှုန်းကို နိုင်ငံတကာဘဏ္ဍာရေး အကူအညီမှ ရရှိမည်ဖြစ်ပြီး ၁၄ ရာခိုင်နှုန်းကို ဗဟိုအစိုးရဘတ်ဂျက်မှ ကျခံမည်ဖြစ်ကြောင်း၊ ၁၀ ရာခိုင်နှုန်းကိုမူ ပြည်နယ်အစိုးရအဖွဲ့များက ကျခံမည်ဖြစ်ကာ ကျန်ရှိသော ငွေကြေးကို အများပြည်သူက ထည့်ဝင်မည်ဖြစ်သည်။ ရေသန့်ရရှိရေးနှင့် ကျေးလက်ကျန်းမာရေး အစီအစဉ် (၂၀၀၇ ခုနှစ် ၂၀၁၀ ပြည့်နှစ်)အရ ကျေးလက်ပြည်သူ ကိုးသန်းခန့်အတွက် ရေသန့်စက်များနှင့် ရေဆိုးသန့်စင်ရေး ကိရိယာများ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ရေသန့်မရဘဲနေထိုင်ကြကြောင်းလယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်သဘာဝပတ်ဝန်းကျင်နှင့် ရေထောက်ပံ့ရေးဌာန ညွှန်ကြားရေးမှူး လီဗန်ကန်က ပြောကြားသည်။

ယခုနှစ်တွင် ကျေးလက်နေပြည်သူ သုံးသန်းကျော်မှာ ရေကောင်းရေသန့် သုံးစွဲနိုင်ပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖရိက သစ်ကုလားအုတ် မျိုးသုဉ်းမည့်အန္တရာယ်ရှိ

**နိုင်ရိုဘီ ဒီဇင်ဘာ ၂၆**

ကမ္ဘာပေါ်တွင် အရပ်အရှည်ဆုံးသော သတ္တဝါဖြစ်သည့် သစ်ကုလားအုတ်မျိုးစိတ် ခြောက်မျိုးထက်မနည်း ရှိသည်ဟု ယူဆရပြီး အချို့သောသစ်ကုလားအုတ်မျိုးစိတ်သည်မျိုးသုဉ်းမည့် အန္တရာယ်ရှိနေကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ကင်ညာနိုင်ငံတို့မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သစ်ကုလားအုတ် မျိုးစိတ်အချို့၏ ကောင်ရေသည် ရာဂဏန်းမျှသာရှိတော့ပြီးအလျင်အမြန်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည်ဟု အမေရိကန်အခြေစိုက်တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးအသင်းမှ မျိုးရိုးဗီဇပညာရှင် ဒေးဗစ်ဘရောင်း၏ သုတေသနစာတမ်းတွင် ရေးသားထားသည်။

မျိုးသုဉ်းမည့် အန္တရာယ်အရှိဆုံး သစ်ကုလားအုတ်မျိုးစိတ်တွင် အကွက်များပါသော သစ်ကုလားအုတ် မျိုးစိတ်ပါဝင်ပြီး ယခုအခါ ကင်ညာ၊ အီသီယိုးပီးယားနှင့် ဆိုမာလီယာနိုင်ငံတို့တွင် ရှိသည်။ ယင်းကောင်ရေသည် ၁၉၉၀ ပြည့် နှစ်မတိုင်မီအထိ ၂၇၀၀၀ ခန့် ရှိခဲ့ရာမှ အမဲလိုက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကောင်ရေ ၃၀၀၀ အထိ လျော့ကျသွားကြောင်း အဆိုပါ စာတမ်းတွင် ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ပရီမီယာလိဂ်ယှဉ်ပြိုင်မှုပြင်းထန်၊ ဒဏ်ရာရမှုဝေပန်

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲသည် ယှဉ်ပြိုင်မှု ပြင်းထန်သော ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ထို့ပြင် ပြည်ပ ဘောလုံးသမား အများဆုံးပါဝင်ကစားနေသော ပြိုင်ပွဲ တစ်ရပ်လည်းဖြစ်သည်။ ဒေသစွဲ၊ အသင်းစွဲဖြင့် တစ်ခဲနက် အားပေးသဖြင့် စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး ဘောလုံး ပြိုင်ပွဲဖြစ်သကဲ့သို့ အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် ဘောလုံး သမားများအနေဖြင့်လည်း ပရိသတ်နှင့် မီဒီယာတို့၏ ဖိအားပေးမှုကို အများဆုံး ခံကြရသည်။

အသင်းအောင်မြင်မှုရရှိရေး၊ အနိုင်ရရှိရေးအတွက် အပြိုင် အဆိုင် ငွေကြေးအကုန်အကျခံကာ ထူးချွန်ဘောလုံးသမား များ ရှာဖွေဝယ်ယူကြသည်။ နိုင်ငံတကာပြိုင်ပွဲများမှ ခြေစွမ်း ထက်၊ အလားအလာကောင်းသူများနောက်သို့ ငွေထုပ် ပိုက်၍ လိုက်ကြရသည်။ ဈေးပြိုင်ပေး၍ မိမိကလပ်အသင်း အတွက် ဝယ်ယူကြရသည်။

ငွေကုန်ခံပြီးဝယ်ယူခဲ့သော်လည်း ခြေစွမ်းမပြနိုင်ပါက အဆိုပါဘောလုံးသမားများမှာ ဘေးထိုင်ကြရသည်။ အသင်း အောင်မြင်မှုမရလျှင် အုပ်ချုပ်သူ နည်းပြဆရာလည်း ထုတ်ပယ်ခံကြရသည်။ ထို့ကြောင့် ပရီမီယာလိဂ်၌ အစဉ် အမြဲ ရပ်တည်နိုင်ရေးအတွက် အမြဲတမ်း ယှဉ်ပြိုင်နေကြရ သည်။ ကစားရာတွင်လည်း အနိုင်ရရှိရေးအတွက် နည်းစနစ်၊ ကျွမ်းကျင်မှုအပြင် ကြံ့ခိုင်မှုခွန်အားနှင့် လျင်မြန်မှု ကို ဦးစားပေးကစား၍ ထိခိုက်အနာတရ ဖြစ်မှုလည်း များပြားလှသည်။

ပရီမီယာလိဂ်ပွဲများနှင့်ပတ်သက်၍ လီဗာပူးတိုက်စစ်မှူး စပိန်ဘောလုံးသမား ဖာနန်ဒိုတောရက်စ်က "ပရီမီယာရှစ် ဘောလုံးပွဲတွေဟာ ဆွဲဆောင်မှုရှိတယ်၊ လျင်မြန်ပြီး ကြံ့ခိုင်မှု ရှိတယ်၊ ဘောလုံးကို တက်တက်ကြွကြွ ကစားတတ်ကြ တယ်"ဟူ၍ ပြောကြားခဲ့သည်။

## ခါနည်ဦး

ပရီမီယာလိဂ် ပွဲစဉ်(၁၉)၌ ကစားသော ချယ်လ်ဆီးနှင့် အက်စ်တွန်ဗီလာတို့ပွဲမှာ လေးဂိုးစီ သရေကျခဲ့ရာ ခပ်ကြမ်းကြမ်း ကစားခဲ့၍ အဝါ၊ အနီကတ်များ လိုင်ခဲ့သည်။ အက်စ်တွန်ဗီလာ နောက်ခံလူနှင့် ချယ်လ်ဆီး နောက်ခံလူ ကာဗယ်လ်ဟိုတို့ အနီကတ်ဖြင့် အထုတ်ခံရသည်။ ထို့ပြင် ပွဲပြီးခါနီး၌ ချယ်လ်ဆီးမှနောက်ခံလူ အက်ရှ်လေကိုး ဘောလုံးကို လက်ဖြင့်ထိ၍ အနီကတ်ပြခံရကာ အထုတ်ခံ ရသည်။ ကာဗယ်လ်ဟိုနှင့် အက်ရှ်လေကိုးတို့ နောက် ပွဲ လွတ်မည် ဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်လည်း ကားလင်း ဖလား ကွာတားဖိုင်နယ်၌ ချယ်လ်ဆီးနှင့် ကစားရာတွင် ကြမ်းတမ်းစွာကစား၍ အနီကတ်ဖြင့် အထုတ်ခံရကာ သုံးပွဲပယ်ခံရကြောင်း သိရသည်။ ထို့အတူ စပါးစ်နှင့် မန်ချက်စတာစီးတီးတို့ပွဲတွင်လည်း စပါးစ်မှ ဇိုကိုရာမှာ ကြမ်းတမ်းစွာကစား၍ အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။

ပရီမီယာလိဂ်တွင် ကြံ့ခိုင်မှု၊ လျင်မြန်မှုတို့နှင့်အတူ အင်အားသုံး ကစားသဖြင့် ဘောလုံးသမားများ ဒဏ်ရာ အနာတရဖြစ်မှု များပြားနေသည်။

ထို့ကြောင့် မန်ယူနည်းပြ ဖာဂူဆန်က ပရီမီယာလိဂ်မှာ ဘောလုံးသမားတွေ ကြမ်းကြမ်းရမ်းရမ်း ကစားနေမှုကို ကွင်းလယ်ဒိုင်လူကြီးများက ပိုမိုအလေးအနက်ထား အရေး ယူဆောင်ရွက်ဖို့ ဝေဖန်ပြောကြားခဲ့သည်။ ကြမ်းတမ်းစွာ ကစားမှုကြောင့် တစ်ဖက်ဘောလုံးသမား ဘဝပျက်သွား နိုင်ကြောင်း၊ ဘောလုံးဖျက်ရာတွင် ခြေစုံပစ်ဝင်ပြီး ဖျက်တာ မျိုးကို ခွင့်မပြုဖို့၊ အရေးယူဖို့ ဝေဖန်ပြောကြားသွား သည်။

## ပရီမီယာလိဂ်ပွဲ ပွဲစဉ်(၁၉)အပြီး အသင်း(၁၀)သင်း၏ ရပ်တည်မှုအခြေအနေ

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | အမှတ် |
|---|---|---|---|---|---|---|
| ၁ | မန်ချက်စတာယူနိုက်တက် | ၁၉ | ၁၄ | ၃ | ၂ | ၄၅ |
| ၂ | အာဆင်နယ် | ၁၉ | ၁၃ | ၅ | ၁ | ၄၄ |
| ၃ | ချယ်လ်ဆီး | ၁၉ | ၁၁ | ၅ | ၃ | ၃၈ |
| ၄ | လီဗာပူး | ၁၈ | ၁၀ | ၆ | ၂ | ၃၆ |
| ၅ | မန်ချက်စတာစီးတီး | ၁၈ | ၁၀ | ၄ | ၄ | ၃၄ |
| ၆ | အဲဗာတန် | ၁၉ | ၁၀ | ၃ | ၆ | ၃၃ |
| ၇ | ပို့စ်မောက် | ၁၉ | ၈ | ၇ | ၄ | ၃၁ |
| ၈ | အက်စ်တွန်ဗီလာ | ၁၉ | ၈ | ၆ | ၅ | ၃၀ |
| ၉ | ဝက်စ်ဟမ်း | ၁၈ | ၇ | ၅ | ၆ | ၂၆ |
| ၁၀ | ဘလက်ဘန်း | ၁၈ | ၇ | ၅ | ၆ | ၂၆ |

## ချန်ပီယံဆုဖလားရရှိရေး ချယ်လ်ဆီးလက်လျှော့မည်မဟုတ်

**လန်ဒန် ဒီဇင်ဘာ ၂၇**

မိမိ၏အသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယား၌ မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့၏ နောက်တွင် ရှိနေသော်လည်း ချန်ပီယံဆုဖလားရရှိရေး ကြိုးပမ်းမှုကို လက်လျှော့မည် မဟုတ်ကြောင်း ချယ်လ်ဆီးအသင်းမန်နေဂျာ အေဗရမ်ဂရန့်က ယနေ့ပြောကြားသည်။

ပရီမီယာလိဂ် အမှတ်ပေးဇယား၌ တတိယနေရာတွင် ရပ်တည်နေသော ချယ်လ်ဆီးအသင်း နှစ်သစ်ကူးကာလ တွင် ရလဒ်ကောင်းများ ပေါ်ထွက်လာရန် ယှဉ်ပြိုင်အားထုတ်လျက်ရှိသည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှုနှင့် ပွဲပယ် ပြစ်ဒဏ်ကျခံရမှုတို့ကြောင့် အသင်း၏ အားထားရသော ဘောလုံးသမားများမှာ ပါဝင်ကစားနိုင်ခြင်း မရှိပေ။

ချယ်လ်ဆီးအသင်းသည် ဗုဒ္ဓဟူးနေ့က အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့ရာတွင် လေးဂိုးစီဖြင့် သရေကျခဲ့သည်။ ယင်းပွဲတွင် ရီကာဒို၊ ကာဗယ်လ်ဟိုနှင့် အက်ရှ်လေကိုးလ်တို့ ထုတ်ပယ်ခံခဲ့ရသည်။ ၎င်းတို့နှစ်ဦး စလုံးမှာ ပွဲသုံးပွဲ၌ ပါဝင်ကစားခွင့် ပိတ်ပင်ခံရမည်ဖြစ်သည်။ ***အင်တာနက်။***



မိုးမင်း (Rays) ၏ In Buddha's Land ဓာတ်ပုံပြပွဲ တင်မည့် ဓာတ်ပုံတစ်ပုံကို တွေ့ရစဉ်။

## မိုးမင်း(Rays)၏ ဓာတ်ပုံပြပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဓာတ်ပုံပညာရှင် မိုးမင်း(Rays)၏ တစ်ကိုယ်တော် ဓာတ်ပုံပြပွဲနှင့် ပတ်သက်သည့် ပြပွဲအကြို စာနယ်ဇင်း တွေ့ဆုံမိတ်ဆက်ပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ်ခန်းမ၌ ကျင်းပရာ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိသူများ၊ ဓာတ်ပုံပညာရှင်များ တက်ရောက်ခဲ့ကြ သည်။

အခမ်းအနားတွင် ဓာတ်ပုံပညာရှင် မိုးမင်းက ယခုပြပွဲတွင်ပြသမည့် ၎င်း ကိုယ်တိုင် စိတ်ကြိုက်ခံစား ရိုက်ကူး ထားသည့် ဓာတ်ပုံများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်း ချက်များကို ပြန်လည်ဖြေကြားသည်။

မိုးမင်း၏ ယခုပြသမည့် တစ်ကိုယ်တော် ဓာတ်ပုံပြပွဲအမည်ကို In Buddha's Land ဟု အမည် ပေးထားပြီး အမည်နှင့် လိုက်ဖက်စွာ ပင် ရှေးဟောင်း ပုဂံဒေသ အခြေခံ ဗုဒ္ဓသာသနိက အဆောက်အအုံများ၊ စေတီပုထိုးများနှင့် မြတ်ဗုဒ္ဓ၏ ရုပ်ပွား ဆင်းတုတော်များကို ဓာတ်ပုံ အနုပညာ ပြောင်မြောက်စွာ ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပြသမည်ဖြစ်သည်။

ပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ် အောင်ဆန်းလမ်းရှိ ဂရင်းမီးရထား ဟိုတယ်ခန်းမတွင် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်မှ ၈ရက်အထိ နံနက် ၁၀ နာရီခွဲမှ ည ၈နာရီအတွင်း ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

## ပရီမီယာလိဂ်

## ပွဲစဉ် (၂၀)

**၂၉-၁၂-၂၀၀၇**

**(စနေနေ့)**

ဘာမင်ဂမ် နှင့် ဖူလ်ဟမ်

ချယ်လ်ဆီး နှင့် နယူးကာဆယ်

ပို့စ်မောက် နှင့် မစ်ဒယ်ဘရော့ဒ်

ဆန်းဒါးလန်း နှင့် ဘော်လ်တန်

စပါးစ် နှင့် ရီးဒင်း

ဝက်စ်ဟမ်း နှင့် မန်ယူ

ဝီဂန် နှင့် အက်စ်တွန်ဗီလာ

အဲဗာတန် နှင့် အာဆင်နယ်

**၃၀-၁၂-၂၀၀၇**

**(တနင်္ဂနွေနေ့)**

ဒါဘီ နှင့် ဘလက်ဘန်း

မန်စီးတီး နှင့် လီဗာပူး

(ကြေးမုံ)

## သစ်လေးလုံးကျေးရွာ၌ စာပေဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော် ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် သစ်လေးလုံးကျေးရွာ ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုးကျေးရွာ စာကြည့်တိုက် ကော်မတီတို့၏ စီစဉ်မှုဖြင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီတွင် သစ်လေးလုံးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမ၌ ကျင်းပရာ ကျေးရွာစာကြည့်တိုက် အသင်းဝင်များ၊ စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)၊ ညွှန့်ဟန်(ကြူတော) နှင့် သန်းထွန်း(ပြန်/ဆက်)တို့က စာပေရေးရာများကို ဟောပြောကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးသန်းထွန်းတို့သည် ကျေးရွာစာကြည့် တိုက်ကို ကြည့်ရှုစစ်ဆေးပြီး သုတရသစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အာဆင်နယ်အသင်းနှင့်အတူ ဘက်ဟမ်းလေ့ကျင့်ကစားဖွယ်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ဒေးဗစ်ဘက်ဟမ်းသည် အမေရိကန် မေဂျာလိဂ် ဘောလုံးရာသီ မစတင်မီ လာမည့်နှစ်ဦးတွင် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် အာဆင်နယ်အသင်းနှင့်အတူ လေ့ကျင့်ကစားမည်ဟု မျှော်လင့်ရကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

လော့စ်အိန်ဂျလိစ် ဂလက်ဇီအသင်းမှ ဘက်ဟမ်းသည် မတ် ၂၉ရက်တွင် မေဂျာလိဂ်ဘောလုံးရာသီ မစတင်မီ အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်ကစားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း၏ လေ့ကျင့်ရေးကွင်းသည် ဘက်ဟမ်း၏ အင်္ဂလန်နေအိမ်အနီးတွင် တည်ရှိကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာဆင်းဝင်းဂါးက ပြောကြားသည်။

မေဂျာလိဂ်ဘောလုံးရာသီ အကြိုကာလ၌ လေ့ကျင့်ကစားရာတွင် ဘက်ဟမ်းကို မိမိတို့ အကူအညီပေးမည်ဖြစ်ကြောင်း၊ ၎င်းသည် ဇန်နဝါရီလအတွင်း အင်္ဂလန်သို့ ပြန်လာရန်ရှိသော်လည်း အပြီးအပြတ် ဆုံးဖြတ်ခြင်း မရှိသေးကြောင်း ဝင်းဂါးက ပြောကြားသည်။

ဘက်ဟမ်းသည် အင်္ဂလန်အသင်းအတွက် ၎င်း၏ ပွဲ ၁၀၀မြောက် ဘောလုံးပွဲ အဖြစ် ဖေဖော်ဝါရီ ၆ရက်တွင် ဆွစ်ဇာလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပါဝင်ကစားမည်ဖြစ်သည်။ ***အင်တာနက်***



**အေ စီ မီ လန် အသင်း၏ တိုက်စစ်မှူး ရော်နယ်လ်ဒို။**

(ဓာတ်ပုံ- အင်တာနက်)

## နိုင်ငံတကာ အားကစားသတင်းများ

## အေစီမီလန်တိုက်စစ်မှူး ရော်နယ်လ်ဒိုအား ဖလာမင်ဂိုအသင်း ခေါ်ယူမည်

**မီလန် ဒီဇင်ဘာ ၂၇**

ဘရာဇီးထိပ်တန်း ဘောလုံးအသင်းဖြစ်သော ဖလာမင်ဂိုအသင်းမှ အေစီမီလန်အသင်း တိုက်စစ်မှူး ရော်နယ်လ်ဒိုအား ခေါ်ယူနိုင်ရန် စတင်ဆွေးနွေး လျက်ရှိကြောင်း ဖလာမင်ဂိုအသင်းဥက္ကဋ္ဌ ကလီဘာလိတ်က ပြောကြားသည်။

ဖလာမင်ဂိုအသင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က အင်တာမီလန် အသင်း တိုက်စစ်မှူး အက်ဒရီယာနိုအား ခြောက်လသက်တမ်းရှိ အငှား စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် ရော်နယ်လ်ဒိုအား ခေါ်ယူနိုင်ရန် ကြိုးပမ်း လျက်ရှိသည်။ ရော်နယ်လ်ဒိုသည် အသက် ၃၁နှစ်ရှိပြီး ၁၉၉၄ခုနှစ်နှင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၌ အောင်ပွဲရ ဘရာဇီးအသင်းတွင် ပါဝင်ကစားခဲ့သူ ဖြစ်သည်။ ***အင်တာနက်***

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# အလှူဒါန ပြုကြပါ

**တက္ကသိုလ်လှမောင်**

လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းဆိုသည့်စကားရပ်ကို လူတိုင်းသိရှိကြပါသည်။ အလှူဒါန ပြုကြသူငါ ဆိုသလို လူတိုင်းအလှူဒါန ပြုဖူးကြမည်သာ ဖြစ်ပါသည်။ အလှူဒါနပြုကြသည်ဆိုလျှင်လည်း အားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်သာ ဖြစ်ပါသည်။ လှူဒါန်းပေးကမ်း စွန့်ကြဲမှုကို မလိုလားသူ မည်သူမျှ ရှိလိမ့်မည်မဟုတ်ပါ။

မည်သည့်ဘာသာ၊ မည်သည့်လူမျိုးမဆို အလှူဒါန ပြုကြသူတွေ ချည်းပါပဲ။ ဘယ်ခေတ် ဘယ်အခါ ဘယ်ကမ္ဘာမှာမဆို အလှူဒါနတွေ ပြုလုပ်နေကြတာပါပဲ၊ သာသနာပ သာသနာတွင်း မည်သည့်ကာလမှာမဆို အလှူဒါနပြုကြပါသည်။

ငရဲသားမှလွဲ၍ လောကီဘုံသားတို့ အလှူဒါန ပြုနေလေ့ရှိကြသည်။ သိဒ္ဓတ္ထမင်းသား ဆံတော်ပယ်စဉ် သဟမ္ပတိဗြဟ္မာက သင်္ကန်းပရိက္ခရာ လာရောက်လှူဒါန်းခဲ့သည်။ ပေးရင်အလှူ ယူရင်အကြွေးတဲ့၊ ပေးကမ်းစွန့်ကြဲနေတာမှန်သမျှ အလှူတွေလုပ်နေကြတာပါပဲ။ တိရစ္ဆာန်မိခင်က သူ့ကလေးကို နို့တိုက်ကျွေးနေတာလည်း ပေးလှူနေတာပါပဲ၊ အစာရှာဖွေကျွေးမွေးနေတာလည်း အလှူလုပ်နေတာပဲ၊ ပေးတာမှန်သမျှ လှူနေတာပါပဲ၊ မိဘက သား၊ သမီးတွေကို ကျွေးမွေးထောက်ပံ့နေတာဟာ မိဘက အလှူပေးပုဂ္ဂိုလ်၊ သား၊ သမီးက အလှူခံပုဂ္ဂိုလ်၊ ကိုယ့်ကိုယ်ကိုယ် အလှူရှင်ဖြစ်နေမှန်း၊ အလှူပေးပုဂ္ဂိုလ်မှန်း မသိဘဲလျက်လည်း ပေးလှူနေကြသည်။ ထို့ကြောင့် သတ္တဝါအပေါင်းတို့သည် သိသည်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ ပေးလှူနေကြသည်ဟု ဆိုရပါမည်။ ထိုအသိကသည်ပင်လျှင် ပေးလှူခြင်း၏ မြင့်မြတ်မှု၊ မမြင့်မြတ်မှုနှင့် ပါရမီထိုက်မှု၊ မထိုက်မှု၊ ဝဋ်ကိုလည်စေတဲ့ အလှူလား၊ ဝဋ်ကိုပြတ်စဲသွားသည့် အလှူလေလား၊ ခွဲခြားမျဉ်းသားပေးပေလိမ့်မည်။ အလှူ၏အကျိုးကိုလည်း ထိုစေတနာ၊ ထိုအသိကပင်လျှင် တန်ဖိုးသတ်မှတ်ပေလိမ့်မည်။ များများလှူရမလား ဘယ်လိုလှူရမလဲ ဆိုတာကိုလည်း ထိုစေတနာ ထိုအသိကပင် ပိုင်းဖြတ်ပေးပါလိမ့်မည်။

**"ဒါနဥ္စ ယုဒ္ဓဥ္စ သမာနမာဟု"**ဟူ၍ ဒေဝတာသံယုတ်၌ မြတ်ဘုရားဟောတော်မူ၏ "အလှူပေးခြင်းနှင့် စစ်ထိုးခြင်းတူ၏"ဟု အဓိပ္ပာယ်ရ၏။ သဒ္ဓါနှင့် မစ္ဆရိယတို့၏ တိုက်ပွဲကား ပြတ်ပြတ်စဲစဲမရှိဘဲ ဖြစ်နေတတ်ကြလေသည်။ ဘုရားလက်ထက်က ပုဏ္ဏားတစ်ယောက်သည် အပေါ်ရုံပုဆိုးကို ဘုရားရှင်အား လှူရန်သဒ္ဓါစိတ်နှင့် မစ္ဆရိယစိတ် တိုက်ပွဲဆင်နေရ၏။ ဇနီးမောင်နှံနှစ်ယောက်အတွက်မှာ တစ်ထည်တည်းသာရှိသော အပေါ်ရုံပုဆိုးကို ဘုရားရှင်အားလှူလျှင် သင့်အံ့လော၊ မသင့်အံ့လော တွေးတောခြင်းဟူသော သဒ္ဓါနှင့်မစ္ဆရိယ လွန်ဆွဲရင်းနှင့်ပင် ညဥ့်၏ ပထမယံနှင့် မဇ္ဈိမယံသည် ကုန်လွန်လေ၏။

ပစ္ဆိမယံသို့ရောက်သော် ပုဏ္ဏားကြီးသည် **"ငါ့ရဲ့သဒ္ဓါစိတ်ဟာ မစ္ဆရိယစိတ်နဲ့ စစ်ထိုးကြစဉ် ညဥ့်ရဲ့ပထမယံနဲ့ ဒုတိယယံဟာ ကုန်လွန်ခဲ့ပြီ။ မပေးမလှူလို့ ဝန်တိုမစ္ဆရိယစိတ်တွေ ဒီလောက်များနေမယ်ဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာ ခေါင်းဖော်နိုင်မှာ မဟုတ်တော့ဘူး၊ ခုပဲ လှူလိုက်တော့မယ်"**ဟု ကြံစည်ဆုံးဖြတ်၏။ အပေါ်ရုံပုဆိုးကို ဘုရားရှင်၏ ခြေတော်ရင်း၌ စုပုံတင်ထားလျက် "ဇိတံ မေ-ဇိတံမေ" ငါအောင်ပြီ-ငါအောင်ပြီ-ငါအောင်ပြီ"ဟု သုံးကြိမ်တိုင်တိုင် အသံကျယ်ကျယ်ဖြင့် ကြွေးကြော်၏။ ပသေနဒီကောသလမင်းကြီးသည် တရားနာနေစဉ် ထိုပုဏ္ဏား၏ ကြွေးကြော်သံကိုကြား၍ မင်းချင်းတို့ကို စုံစမ်းစေရာ အကြောင်းစုံကိုသိရ၏။ ပုဏ္ဏားကြီးဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုပေတယ်ဟု ချီးမွမ်းပြီး ဆုလာဘ်များ ပေးတော်မူတယ်။

ပေးလှူခြင်းမှန်သမျှသည် မြင့်မြတ်လှသည်၊ တန်ဖိုးကြီးလှသည်။ အလှူအမျိုးမျိုးရှိပါသည်၊ ဘာသာရေး အလှူများလည်းရှိသည်၊ လူမှုရေး အလှူများလည်းရှိသည်။ မေတ္တာတရား ရင်ဝယ်ထားပြီး သတ္တဝါတွေ ချမ်းသာစေကြောင်း မေတ္တာဓာတ်ကိန်းအောင်းရင်း လှူကြသည့် မေတ္တာအလှူများလည်းရှိသည်။ မေတ္တာငတ်သူများကို ကြင်နာမှုမေတ္တာတရားဖြင့် နွေးထွေးစွာ ရစ်ပတ်အေးမြသည့် အအေးဓာတ်ကို ပြသပေးလှူကြသည်။ ဒုက္ခိတ သတ္တဝါများကို သနားကရုဏာပွားပြီး ပေးလှူကြတဲ့ ကရုဏာအလှူများလည်း ရှိကြပါ၏။ လူမှုရေး ကူညီထောက်ပံ့ခြင်းများသည် ကရုဏာအလှူများဖြစ်ပါသည်။

**ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ဆရာသမား ဂုဏ်ကြီးသူ၊ မြင့်မြတ်သူ၊ ပူဇော်ထိုက်သူများကို ပေးလှူခြင်းမှာ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စွာ ပေးလှူသည့် မုဒိတာအလှူများပင် ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းသည် ဂုဏ်ကျေးဇူးတော်ကို ရည်မှန်းပြီး ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခြင်းဖြစ်၍ မုဒိတာ အလှူခေါ်ရပါသည်။**

ပါရမီတန်းဝင် အလှူမှန်သမျှကား ဥပေက္ခာ အလှူချည်းသာတည်း။ ပြန်ရဖို့ ဘာမျှမမျှော်မှန်း၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း ပါရမီကိုသာ ဖြည့်တင်းသည်။ မြတ်စွာဘုရား၏ ပါရမီခရီးတွင် ဒါနပါရမီ၊ ဥပပါရမီ၊ ဥပပရမတ္ထပါရမီဆိုပြီး စွန့်လွှတ်ဖြည့်ဆည်းခဲ့သည်။ သား၊ သမီး၊ ဇနီးမယား ပစ္စည်းဥစ္စာတို့ကို စွန့်ပစ်ပြီး (တံတွေးပမာ) မငဲ့မကွက် လှူဒါန်းခဲ့သည်။ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကိုလည်း လှူခဲ့သည်၊ အလောင်းတော်လှူခဲ့သည့် မျက်လုံးတော်များမှာ မိုးကောင်းကင်ပေါ်က ကြယ်စုများထက်ပင် များပါသေး၏။ ပင်လယ်သမုဒ္ဒရာမျှမက အသွေးတော်များ၊ မဟာပထဝီမြေထုမက အသားတော် အသက်စွန့်လွှတ်ခဲ့ရသည်များမှာလည်း မရေမတွက်နိုင်ခဲ့ပါ။ ဤမျှ ပြတ်သားစွာ ပေးလှူတော်မူခဲ့လေသည်။

စွန့်ကြဲပေးကမ်းသူကို အလှူပေးပုဂ္ဂိုလ်ဟုခေါ်ရသည်။ လက်ခံရရှိသူက အလှူခံပုဂ္ဂိုလ်ဖြစ်သည်။ အလှူခံ တစ်ကျိပ်လေးယောက်တွင် တိရစ္ဆာန်လည်း ပါပါသည်။ မည်သည့်ပုဂ္ဂိုလ်ကို မည်သည့်ပစ္စည်း လှူသည်ဖြစ်စေ ကုသိုလ်လုပ်ငန်းသာလျှင်ဖြစ်သည်။ သို့ရာတွင် အလှူမခံထိုက်၊ မပေးလှူထိုက်သော အရာငါးမျိုးကို မြတ်ဘုရား သတ်မှတ်ခဲ့သည်၊ မူးယစ်ဆေးဝါးအလှူ၊ ပွဲသဘင်အလှူ၊ မိန်းမအလှူ၊ နွားလားဥသဘကို မျိုးပေးသောအလှူနှင့် ကိလေသာထကြွစေသော ယောကျ်ား၊မိန်းမရုပ် ပန်းချီဆေးရေးအလှူတို့ ဖြစ်သည်။

အလှူခံပုဂ္ဂိုလ်အမျိုးမျိုးရှိသကဲ့သို့ အလှူပေးပုဂ္ဂိုလ်များလည်း အထွေထွေ ရှိပါသည်။ အလှူအမျိုးအစားကွဲသကဲ့သို့ အလှူအမျိုးအစား အမြောက်အမြား ရှိနေပါသည်။ ဘုရားအလှူ၊ ကျောင်းအလှူ၊ သိမ်အလှူ၊ ဆွမ်းအလှူ၊ ဆေးအလှူစသည့် ပစ္စည်းလေးပါးအလှူ၊ မျက်စိအလှူ၊ ကျောက်ကပ်အလှူ၊ သွေးအလှူ၊ရဟန်းခံရှင်ပြုနားသ၊ ၁၂ ရာသီပွဲအလှူများ၊ မင်္ဂလာ ၁၂ ပါးအလှူ၊ မွေးနေ့၊ သေနေ့ဆွမ်းသွတ်၊ ရေအလှူ၊ အခမဲ့ဆေးကုခန်း၊ မီးဘေး၊ လေဘေး၊ ရေဘေး၊ ကယ်ဆယ်ရေးအလှူ၊ ဘိုးဘွားရိပ်သာ၊ သံဃာ့ဆေးရုံ၊ ကင်ဆာ၊ HIV ,AIDS စောင့်ရှောက်ရေးစသည်ဖြင့် မြောက်မြားလှစွာသော အလှူတို့ကို ပြုလုပ်နေကြ၏၊ ခံယူနေကြ၏။

**ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား ဂုဏ်ကြီးသူ၊ မြင့်မြတ်သူ၊ ပူဇော်ထိုက်သူများကို ပေးလှူခြင်းမှာ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စွာ ပေးလှူသည့် မုဒိတာအလှူများပင် ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီးကို ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်းသည် ဂုဏ်ကျေးဇူးတော်ကို ရည်မှန်းပြီး ဝမ်းမြောက်ဝမ်းသာ လှူဒါန်းခြင်းဖြစ်၍ မုဒိတာအလှူခေါ်ရပါသည်။**

ရဟန်းသံဃာတို့မည်သည် အလှူခံပုဂ္ဂိုလ်များသာ ဖြစ်ကြပါ၏။ ဒကာ၊ ဒကာမတို့က ပစ္စည်းလေးပါး ပေးလှူကြ၏။ ရဟန်းသံဃာတော်များက ဓမ္မဖြင့် ပြန်လည်ကျေးဇူးပြုကြ၏။ ဓမ္မကို ပြန်လှူ၏။ ဒကာ၊ ဒကာမတို့က ပစ္စည်းလေးပါး အာမိသအလှူပေး၏၊ ဓမ္မကို အလှူ ပြန်လက်ခံရရှိ၏။ သို့ရာတွင် ယခုအခါတွင် ရဟန်း သံဃာတော်များက အမျိုးစုံလင်လှသော အလှူများကို ပြုလုပ်နေကြသည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ စလင်းကျောင်းဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာသို့ ကျွန်တော် သွားရောက်ခဲ့ပါသည်။ မွေးနေ့ကုန်ကျမှုမှန်သမျှ ဆရာတော်၏ အလှူများသာတည်း၊ အလှူတွင် မွေးနေ့ကိတ်ကြီးနှစ်ခုကို စီစဉ်ထားသည်ကို တွေ့ရသည်။ ကြွရောက်လာသည့် ပရိသတ်အပေါင်းကို ထောပတ်ထမင်းဖြင့် ဧည့်ခံသည်။ ဆရာတော်က သံဃာတော် အပါးတစ်ရာကျော် ပင့်ဖိတ်ထားသည်။ ပင့်သံဃာတော်အပေါင်းကို ဆရာတော် တစ်လျှောက်လုံး စုဆောင်းထားခဲ့သော သင်္ကန်း အစုံပေါင်း ၈၀ ခန့်ကို လှူဒါန်းလိုက်သည်။

မီးဘေး၊ ရေဘေး၊ လေဘေး လှူဒါန်းနေသော ဆရာတော်များကိုလည်း ကြည်ညိုရသည်။ ဆရာတော် အရှင်ဆန္ဒာဓိကတို့ ဦးဆောင်၍ သွေးလှူဒါန်းပွဲများလည်းရှိသည်။ အညာဒေသမှာ ဆန်လှူ၊ ဆီလှူ၊ မျက်စိအလင်းအတွက် ဆရာဝန်အဖွဲ့များနှင့် လှူဒါန်းနေသည်များ၊ စစ်ကိုင်းတောင်ရိုး ရေအလှူ၊စာသင်ကျောင်းအဆောက်အအုံအလှူ၊ ကုသိုလ်ဖြစ်ဆေးခန်း၊ မိဘမဲ့ကလေးများ ထောက်ပံ့စသည်ဖြင့် သံဃာတော်များ၏ အာမိသအလှူများ ပေးလှူနေကြသည်မှာ မည်မျှဝမ်းမြောက် သာဓုခေါ်ဖွယ် ကောင်းပါသနည်း။ ငွေကြေးချမ်းသာသူများကလည်း ရက်ရောစွာ လှူဒါန်းကြသည်။ လူမှုရေးအသင်းအဖွဲ့ မျိုးစုံတို့ကလည်း အလှူခံတွေထွက်၊ အလှူအတန်းတွေ လုပ်နေကြသည်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊မြို့နယ်အသင်းများ၏ ပညာရည်ချွန်ဆုထောက်ပံ့၊ သက်ကြီးရွယ်အို ပူဇော်ကန်တော့စသည်ဖြင့် အလှူရေစက်လက်နဲ့မကွာ လှူဒါန်းနေကြပါသည်။ သာသနာတော်ကြီး စည်ကားစည်ပင်ရန် မင်း၊ သူဋ္ဌေး၊ ရဟန်းသံဃာ၊ ဒကာ၊ ဒကာမမျိုးစုံတို့က ဝိုင်းဝန်းလှူဒါန်းနေကြပါလျှင် သာသနာအတွက် အားတက်ဖွယ်ရာများ ဖြစ်ပါသည်။

အလှူတွေမည်မျှများ၍ ဝိဝါဒတွေလည်း မည်မျှကွဲပါစေ အများစုကတော့ ကောင်းမြတ်သော နှလုံးသွင်းဖြင့် စေတနာသုံးတန်ပြဋ္ဌာန်း၍ မြင့်မြတ်စွာ လှူဒါန်းတတ်ကြပါသည်။ အလှူကို ဝမ်းမြောက်ဝမ်းသာ လှူကြသည်။ မလှူခင်မှာလည်း ဝမ်းသာဝမ်းမြောက် ဖြစ်နေကြသည်။ လှူဆဲမှာလည်း ဖြောသံတည်ညံ့နှင့် ပီတိသဒ္ဓါပွားကြသည်။ လှူပြီးသော အခါလည်း အသက်ဇီဝိန်ကြွေခါနီးကာလအထိ ကိုယ့်အလှူ ကိုယ် ပြန်လည်အောက်မေ့ ဝမ်းသာကြည်နူးနေတတ်ကြသည်။ အလှူဒါနပြု လှူဒါန်းကြရာတွင် စေတနာသဒ္ဓါတရား ထက်သန်ဖို့သာလျှင် အရေးကြီးလှပါသည်။ လှူဒါန်းပစ္စည်းနည်းသည်၊ များသည်မဟုတ်ပါ၊ စေတနာ ထက်သန်သလောက် အကျိုးပေးကြီးမားမည်သာ ဖြစ်ပါသည်။ အလှူပေးသူက သူ၏ ကောင်းမှု၊ ဝမ်းသာရမှုတွေ မျှဝေပေး၏၊ အလှူခံတို့က ကောင်းလှပါ၏ဟု သာဓုခေါ် ပီတိဖြစ်ကြ၏။

**အလှူတွေ မည်မျှပင်ကွဲကွဲ မြတ်စွာဘုရားက အလှူနှစ်မျိုးကိုသာ ဟောကြားခဲ့ပါသည်။ ပစ္စည်းကို လှူသည့်အာမိသအလှူနှင့် တရားဓမ္မကို ပေးလှူသည့် ဓမ္မအလှူဖြစ်ပါသည်။ "သဗ္ဗဒါနံဓမ္မဒါနံ ဇိနာတိ ဓမ္မဒါနံ"။ အလှူမှန်သမျှတို့တွင် တရားဓမ္မ အလှူပေးလှူခြင်းက အမြတ်ဆုံး၊ အသာလွန်ဆုံး၊ အောင်နိုင်မှုအရှိဆုံးပါတည်း။ တရားဓမ္မဟောကြားခြင်း၊ ဖြန့်ချိသာသနာပြုခြင်း၊ တရားစာပေရေးသား၊ ဆွေးနွေး၊တရားဓမ္မများ ပြန့်ပွားအောင် ဆောင်ရွက်မှုမှန်သမျှသည် ဓမ္မအလှူများသာဖြစ်ပါသည်။ အသိဉာဏ်ပညာကို ပေးဝေမျှလှူခြင်းဖြစ်ရာ ဓမ္မအလှူခံယူသူတို့အတွက် အလင်းကွက် လင်းလက်စေရန်၊ စေတနာတရားအမြင်များ ရှင်သန်ပေါက်မြောက် ကြိုးစားအားထုတ်ကြခြင်းဖြင့် သံသရာဝဋ်ဒုက္ခများမှ လွတ်မြောက်စေရန် စေတနာထားပေးဝေခြင်းများဖြစ်၍ အမြင့်မြတ်ဆုံး၊ အအောင်မြင်ဆုံး၊ အကဲလွန်ဆုံးဟု ဆိုရပါသည်။**

ဆိုခဲ့ပြီးသော အလှူအမျိုးမျိုးတို့တွင် ဝဋ်ဒုက္ခမှလွတ်မြောက်စေသော အလှူနှင့် ဝဋ်သံသရာပြန်လည်စေသော အလှူဟူ၍ နှစ်မျိုးကွဲပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ အလှူရည်မှန်းချက် ပန်းတိုင်မှာကား နိဗ္ဗာနသဃပစ္စယောဆိုသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးသာလျှင် ဖြစ်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှသာလျှင် တမောဟိုက်ဟိုက် တရှိုက်ငင်ငင် တည်ငြိုငြို၊ ဥဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်း ဆိုသကဲ့သို့ မိုက်မဲတွေဝေသူတို့၏ လမ်းကြောင်းကို သွေရှောင်စွန့်ခွာထားရစ်ခဲ့ကာ သံသရာဝဋ်ဒုက္ခအပေါင်းမှ ကင်းငြိမ်းလွတ်မြောက်ရာဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၂-၂၀၀၇ (သောကြာနေ့)

### နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

### ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၅** ၄။ မဟာဂီတ ချိုကြည်မြ
- **၄:၅၅** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၃၀** ၁၁။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၅၆)**
- **၈:၀၀** ၁၄။မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၅။ မိုးလေဝသသတင်း
  - ၁၆။ အမျိုးသားရေးတေးကဗျာ
  - ၁၇။ စိုက်ပျိုးသုတ
  - ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (ဒုတိယတွဲ) (အပိုင်း-၁၈)**
  - ၂၀။ သင့်အတွက်မနက်ဖြန်
  - ၂၁။ အပိတ်နှုတ်ဆက်စကား
  - ၂၂။ ပြီးပါပြီ။

# မိုးရာသီတွင် ရေလျှံမှုများ မဖြစ်ပေါ်စေရေး
# အင်းလျားကန်တွင် သောင်တူး၊ နုန်းဆယ်လုပ်ငန်းဆောင်ရွက်

မိုးရာသီတွင် အင်းလျားကန်ရေလျှံမှုနှင့် အင်းလျားကန် ရေဝေရေလဲနေရာများတွင် ရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်နေကြောင်း သိရှိရသည်။

ထို့ကြောင့် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကမ္ဘာ့အေးစေတီလမ်းဘက် အခြမ်းရှိ အင်းလျားကန်သို့ သွားရောက်ခဲ့သည်။ ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် တွေ့ဆုံခဲ့ပြီး သိလိုသည့် အချက်များကို မေးမြန်းခဲ့ပါသည်။

**သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)**

**အခုလိုအင်းလျားကန် တူးဖော်ရခြင်းအကြောင်းကို ပြောပြစေလိုပါတယ်။**

အင်းလျားကန်က ပြီးခဲ့တဲ့ မိုးတွင်းတုန်းက ရေလျှံမှုတွေ ဖြစ်ခဲ့ပါတယ်၊ မိုးကောင်းတာလဲ တစ်ကြောင်းပေါ့လေ၊ ကန်ရဲ့ ဧရိယာတချို့နေရာတွေမှာ သောင်ထွန်းလာတဲ့အတွက် ကန်ကျဉ်းလာပါတယ်၊ ဒီလိုကျဉ်းလာလို့ ကျွန်တော်တို့က ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကန်ရှိ ရေပြင်ကို နှစ်ပေ လျှော့ချဆောင်ရွက်ကြမယ်၊ မိုးရွာတဲ့အချိန်မှာ နေရာစုံမှ စီးဝင်လာတဲ့ ရေတွေကို လျှော့ချထားလို့ နေရာလပ်တွေမှာ ရေတွေ စုဆောင်းထားမယ်၊ ပိုလျှံတဲ့ ရေတွေကိုလည်း ရေတံခါးကနေ ကြိုလျှော့တဲ့စနစ် ဆောင်ရွက်ပါမယ်။

**အင်းလျားကန် တူးဖော်စဉ်ကတည်းက အင်းလျားကန်နဲ့အတူ ရေကျော်နေရာ (SPILL WAY) ပူးတွဲတည်ဆောက်ထားတယ်လို့ သိခဲ့ဖူးပါတယ်၊ ဟုတ်ပါသလား။**

ဟုတ်ပါတယ်။ ရေကျော်နေရာ (SPILL WAY) ရှိပါတယ်၊ ရေကျော်နေရာက ၂၃၅ ပေ အရှည်ရှိပါတယ်။ ရေကျော်နေရာတွေမှာ အကျယ် သုံးပေ၊ အနက် နှစ်ပေရှိ ရေတံခါး ၁၂ စင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**အရင်က အင်းလျားကန်ကို ဆည်ဖူးတယ်လို့ ကြားမိပါတယ်။**

ဆည်ဖူးပါတယ်။ ၁၉၉၅-၉၆ ခုနှစ်ကပါ။ မြစ်ကြောင်းထိန်းသိမ်းရေး ဦးစီးဌာန အကူအညီနဲ့ သောင်တူးသင်္ဘောနဲ့ တူးခဲ့ဖူးပါတယ်။ အဲဒီနှစ်ထဲမှာပဲ ပင်မတိုင်းတာရေးတပ်၊ တပ်မတော်(ရေ)မှ ရေအတိမ်အနက် တိုင်းတာခဲ့ဖူးပါတယ်။ ထူးထူးခြားခြားကြီး တိမ်မသွားပါဘူး၊ မတိမ်တဲ့အတွက် အခု သောင်တူးမယ်၊ နုန်းတွေ၊ ရေမှော်တွေ၊ ဒိုက်တွေဆယ်တဲ့ လုပ်ငန်းတွေပဲ ဆောင်ရွက်ပါမယ်။

**အခုလို အစီအစဉ်တွေ ဆောင်ရွက်လိုက်ခြင်းအားဖြင့် ရရှိလာမယ့် အကျိုးသက်ရောက်မှုများကို ပြောပြပေးစေလိုပါတယ်။**

အခုနက ကျွန်တော် တင်ပြသလို ကန်ဧရိယာ ကျယ်လာတဲ့အခါ ကန်နယ်နိမိတ်ဟာ တိတိပပလေးနဲ့ ကန်ကလည်း လှပလာမယ်၊ မိုးကာလမှာလည်း ရေနေဧရိယာ ပိုကျယ်လာမယ်၊ နုန်းတွေ၊ ဒိုက်တွေဆယ်ခြင်းအားဖြင့် ကန်ရေမှာ အောက်စီဂျင်ပြည့်ဝလာမယ်၊ ဒါ့အပြင် မမြင်ရတဲ့ အကျိုးကျေးဇူးက လက်ရှိအနေအထားကနေ ရေ နှစ်ပေ လျှော့ထားနိုင်တဲ့အတွက် မိုးကာလမှာ အင်းလျားကန် တစ်ဝိုက်မှာ တစ်နေ့ မိုးရေချိန် ၁၀ လက်မ ရွာသွန်းခဲ့ရင်တောင် အင်းလျားကန်ရော၊ ကန်ပတ်ဝန်းကျင်မှာပါ ရေမကြီး၊ ရေမလျှံနိုင်တော့ပါဘူး။

တိတိကျကျပြောရရင် အင်းလျားကန်က ၁ ဒသမ ၅ စတုရန်းမိုင် ကျယ်ဝန်းပြီး ရေဝေရေလဲ ဧရိယာက အင်းလျားကန် အပါအဝင် ၄ ဒသမ ၅ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။

**လက်ရှိ ကန်ရေအမြင့်ထက် နှစ်ပေ လျှော့ချနိုင်ခဲ့ရင် ကန်ရေထုထည် ကုဗပေ ဘယ်လောက်အထိ ထိန်းသိမ်းထားနိုင်ပါသလဲ။**

ရေ နှစ်ပေ လျှော့ချရခြင်း ရလဒ်ကြောင့် ကန်အတွင်း ရေထုထည် ကုဗပေ ၈၃၇၂၂၃၂၀ ပိုမိုသိုလှောင်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရေလျှံမယ့် အနေအထား မရောက်ခင် ရေတံခါး ၁၂ စင်းမှ ရေများ အချိန်မီ ဖောက်ထုတ်သွားနိုင်မှာ ဖြစ်ပါတယ်။

**ဒီလိုဆိုရင် ကျန်ခဲ့တဲ့ မိုးရာသီက အဖြစ်မျိုး မကြုံရတော့ဘူးပေါ့နော်။**

ကျွန်တော်တို့ လုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ပြီးရင် မိုးဆိုရင် ရေလျှံမှာ မဟုတ်တော့ပါဘူး။ ။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်းလျားကန် သောင်တူးခြင်း၊ နုန်း၊ ဒိုက်နှင့် ရေမှော်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။



အင်းလျားကန်တွင် ပေါ်ထွန်းနေသော သောင်များကို သောင်တူးစက်ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်။

# Webpage Design သင်တန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Webpage Design သင်တန်း အမှတ်စဉ် ၁/၂၀၀၈ ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်၍ နှစ်လခွဲကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူအမျိုးသမီး ၁၀ ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဇန်နဝါရီ ၁၄ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူးကျင်းပသော စီးပွားရေးတက္ကသိုလ် (၄၃)ကြိမ်မြောက် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အခန်း (၁၀)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။** (က-ပ)

# နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၂ ရက် ညတွင် သဃ်္ဃန်းကျွန်း ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့် တရားမဏ္ဍပ်၊ ၄၊ ၅၊ ၆ ရက် ညများတွင် အင်းစိန်မြို့သစ် က/၆ လမ်း တရားမဏ္ဍပ်၊ ၇ ရက် ညတွင် မင်္ဂလာတောင်ညွန့် မလွကုန်းမီးရထားရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံကျောင်း(ဆည်းဆာပွဲ)၊ ၎င်းနေ့ည ၈ နာရီတွင် သာကေတ ၃ ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၈၊ ၉၊ ၁၀ ရက် ညများတွင် မော်လမြိုင်ကျွန်း ရေကျော်ကျေးရွာ၊ ၁၂ ရက် ညတွင် လှည်းကူးမြို့ ရန်ကင်း ၁ လမ်း (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ၁၄ ရက် ညတွင် အလုံ နွယ်သာကီလမ်း ဆွမ်းအောင်ပွဲ တရားမဏ္ဍပ်၊ ၁၆ ရက်နေ့ညတွင် ဗိုလ်တထောင် (၃)ရပ်ကွက် စန္ဒကူးလမ်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၊ ၁၇ ရက် ညတွင် စမ်းချောင်း ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင်အရဏ်တော်ဝတ်အသင်း ဓမ္မာရုံ၊ ၁၈ ရက် ညတွင် လသာ ၁၇ လမ်း (အောက်လမ်း)၊ ၁၉ ရက်နေ့ညတွင် သဃ်္ဃန်းကျွန်း ကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်း၊ ၂၀ ရက် ညတွင် အင်းစိန်ကွက်သစ်ရပ်ကွက် မာလာရာမကျောင်းတိုက် ဗုဒ္ဓပူဇနိယပွဲ တို့တွင် နိဗ္ဗာန်လမ်းပြ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။
(က-ပ)

# မူလသစ္စာဒီပကဝိပဿနာအဖွဲ့ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ကြီး၏ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယမှုအတိုင်း သားတပည့်များဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံးနှင့် ဦးသိန်းဆွေ (ရန်ကုန်)တို့က (၆၇)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေး ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံတော်ကြီးတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီ အရောက် လာကြရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဦးမြသောင်း ဥက္ကဋ္ဌ ဖုန်း- ၂၉၂၀၅၀ နှင့် ဦးမောင်မောင် အတွင်းရေးမှူး ၀၉-၉၉၂၇၃၈၁၊ ၇၂၄၈၉၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်းသိရသည်။
(က-ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၂-၂၀၀၇ (သောကြာနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်"တရားတော်(ခန္ဓာငါးပါးသဘောရှင်းပြပုံ)(မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ) |
| ၈း၀၀-၂း၀၀ | တိုးတက်ခေတ်မီနိုင်ငံတော်သစ်ဆီ ပါဝင်တက်လှမ်း အင်ဂျင်နီယာအစွမ်း |
| ၈း၃၀-၂း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅-၂း၃၅ | Myanmar Video Rhythm |
| ၉း၀၀-၃း၀၀ | မျိုးဆက်ပွားကျန်းမာရေးနှင့် အနာဂတ်ကမ္ဘာ(ဒုတိယပိုင်း)(ဒေါက်တာခင်မောင်လွင်) |
| ၉း၂၀-၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀-၃း၃၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၉း၄၀-၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅-၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀-၃း၅၀ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(ပျားလိမ္မော်) |
| ၁၀း၀၅-၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀-၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅-၄း၁၅ | Yangon Panorama (ပန်းချီခင်မောင်ဗိုလ်၏တစ်ကိုယ်တော်ပန်းချီပြပွဲ) |
| ၁၀း၄၀-၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅-၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅-၄း၅၅ | အရက်အန္တရာယ်(သိပ္ပံမှူးတင်) |
| ၁၁း၁၅-၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀-၅း၂၀ | လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား |
| ၁၁း၄၅-၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀-၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅-၅း၅၅ | ၂၀၀၇ခုနှစ် တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ |
| ၁၂း၁၀-၆း၁၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ"ရန်နိုင်(၂၄)" |
| ၁၂း၃၀-၆း၃၀ | VJ Choice |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# စားသုံးသူများအတွက် စားစရာအမယ်သစ် ကဏန်းပျော့ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၇-၂၀၀၈)တွင် လေ့လာနိုင်

သတင်းဆောင်းပါး-နီနီစံ (ကြေးမုံ)၊ နွယ်နွယ်လွင် (ကြေးမုံ)၊ ဓာတ်ပုံ-သန့်ဇင်ထွန်း (ကြေးမုံ)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က နဝမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် **"မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇-၂၀၀၈"**ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း၌ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ခြောက်ရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ရေထွက်ပစ္စည်း ဈေးပွဲတော်များကို ၂၀၀၅ ခုနှစ်မှစ၍ နှစ်အလိုက် ခင်းကျင်းပြသခဲ့ရာ ပထမအကြိမ် ဈေးပွဲတော်တွင် တီလားဗီးယားငါးကို အဓိကထားမိတ်ဆက် ခင်းကျင်းပြသခဲ့သည်။ ၂၀၀၆ ခုနှစ် ဒုတိယအကြိမ်ရေထွက်ပစ္စည်းဈေးပွဲတော်တွင် ပုစွန်ဖြူကို အဓိကတင်ပြရောင်းချခဲ့ပြီး ယခုတတိယအကြိမ် ဈေးပွဲတော်တွင်မူ နိုင်ငံတကာဈေးကွက်တွင်အောင်မြင်မှု ရရှိနေသော ကဏန်းပျော့ကို ပြည်တွင်းမှ စားသုံးသူပြည်သူများနှင့် အဓိက မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကြာမီ ခင်းကျင်းပြသတော့မည့် **"မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇-၂၀၀၈"** နှင့် စပ်လျဉ်း၍ ပြည်သူများအား ပြည့်စုံစွာ မိတ်ဆက်တင်ပြနိုင်ရေးအတွက် ကြေးမုံသတင်းအဖွဲ့သည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်အချို့နှင့် သွားရောက် တွေ့ဆုံမေးမြန်း သတင်းရယူခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၄၊ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇-၂၀၀၈ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ-၁ ဦးဟန်ထွန်းက မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို ကျင်းပခြင်းနှင့် စပ်လျဉ်း၍-



**"ကဏန်းပျော့များမွေးမြူပြီး နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားမည်"**
(ငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေ အ တွင်း ရေး မှူး ဦးကြီးငွေ)

- **မြန်မာ့ ရေထွက်ပစ္စည်းများ၏ ကောင်းခြင်း ထူးကဲအရသာကို ပြည်တွင်း စားသုံးသူများ ပြည့်ပြည့်စုံစုံ သိရှိနိုင်စေရန်၊**
- **ရေထွက်ပစ္စည်းများ စားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ကြောင်းကို အများပြည်သူ သိရှိလာပြီး အမျိုးသားကျန်းမာရေး ကဏ္ဍကို အထောက်အကူပြုစေရန်၊**
- **နိုင်ငံတော်အတွင်း ရေထွက်ပစ္စည်းများထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊**

**ပရိသတ် ထဲမှ ကိုယ်တိုင် ကိုယ်ကျ သီဆိုနိုင်တဲ့ ဖျော်ဖြေရေး အစီအစဉ်များကိုစီစဉ် ဆောင် ရွက်သွားမည်**(ငါးလုပ်ငန်း အဖွဲ့ချုပ် တွဲဖက် အတွင်းရေးမှူး(၅) ဦးဝင်းကြိုင်)



- **ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့လျက် နိုင်ငံခြားငွေ ပိုမိုတိုးတက်ရရှိစေရန်၊**
- **မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ပစ္စည်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၇၅၀ ရရှိရေး ရည်မှန်းချက်ကို အထောက်အကူပြုရန်၊**

ရည်ရွယ်ချက်များ ချမှတ်ထားကြောင်း ရှေးဦးစွာ ပြောကြားသည်။

"အဓိကကတော့ ပြည်သူတွေ ငါးစားသုံးမှု ပိုမိုတိုးတက်လာစေဖို့ ဈေးပွဲတော်နဲ့ ဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ ငါးလုပ်ငန်း ထွက်ကုန်ပစ္စည်းတွေ ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ ကြော်ငြာတဲ့သဘောနဲ့ ဈေးပွဲတော်ကို ကျင်းပရခြင်းလဲ ဖြစ်ပါတယ်။ ယခုနှစ်ကျင်းပမယ့် ဈေးပွဲတော်ရဲ့ ထူးခြားချက်ကတော့ ငါးအသားလွှာပြုလုပ်ပုံများကို လက်တွေ့ပြသမှာဖြစ်တဲ့အပြင် ငါးအစိုနဲ့ပတ်သက်ပြီး ပြည်တွင်းလုပ်ငန်းရှင်တွေက အသင့်ပြုလုပ်ပြီး (Ready Made) ပုံစံဖြင့် ရောင်းချသွားမှာဖြစ်ပါတယ်။ အခုဈေးပွဲတော်က နိုင်ငံခြားလုပ်ငန်းရှင်တွေကို မဖိတ်ခေါ်ခင် ပဏာမအခြေခံ ဈေးပွဲတော်ဖြစ်ပြီး နိုင်ငံတကာ ဈေးပွဲတော်အထိ ရောက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် ဈေးပွဲတော် အခမ်းအနားပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ ဈေးပွဲတော် အခမ်းအနား ပြင်ဆင်ရေး အတွင်းရေးမှူး ဦးကြီးငွေအား မေးမြန်းခဲ့သည်။ ဦးကြီးငွေက ဈေးပွဲတော်ကို ပြခန်း ၂၃ ခန်းနှင့် ဆိုင်ခန်းပေါင်း ၉၇ ခန်းနဲ့ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခု ဈေးပွဲတော်တွင် ကဏန်းပျော့သည် အဓိကဖြစ်ကြောင်း။

မြိတ်ဒေသမှသာရရှိသော ကဏန်းပျော့များကို ယခုအခါ ရန်ကုန်တိုင်းအတွင်း၌ မွေးမြူခွင့်ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ ဈေးကွက်၌ ထိုင်းနိုင်ငံသည် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းဖြင့် အောင်မြင်နေပြီး ဗီယက်နမ်သည် ငါးတန်အသားလွှာလုပ်ငန်းဖြင့် ဒုတိယနေရာ၌ရှိနေရာ မြန်မာနိုင်ငံသည်လည်း ကဏန်းပျော့မွေးမြူပြီး နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု ဈေးပွဲတော်၌ အိမ်ရှင်မများ ငါးကို မည်သို့ကိုင်တွယ် အသုံးပြုရမည်ဆိုသည်ကို လက်တွေ့ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းမှာရှိသည့် ဟိုတယ်ကြီးကိုလည်း စားသောက် ချက်ပြုတ်ပုံပြသရန် ဖိတ်ကြားထားကြောင်း ပြောကြားသည်။

ဈေးပွဲတော်တွင် ထူးခြားမှုအနေဖြင့် ငါးအသားကြေးအိုးကို ရောင်းချမည်ဖြစ်သည်။ အထူးအစီအစဉ်တစ်ရပ် အနေဖြင့်လည်း တီလားဗီးယားငါးကို ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် ရေချို၊ ရေငန်ငါး၊ ပုစွန်များ၊ ကဏန်းပျော့များ၊ ငါးခြောက်၊ ပုစွန်ခြောက် စသည်များကို အသင့်ထုပ်ပိုးပြီးသား ပုံစံမျိုးစုံဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



**"ပြည်သူတွေ ငါးစားသုံးမှု ပိုမိုတိုးတက်လာစေဖို့ ဈေးပွဲတော်နှင့် ဆွဲဆောင်နိုင်။"**
(ဈေး ပွဲတော် ကျင်းပရေး ဗဟိုကော်မတီဒုတိယ ဥက္ကဋ္ဌ(၁)ဦးဟန်ထွန်း)

ယခုကျင်းပမည့် ရေထွက်ပစ္စည်း ဈေးပွဲတော်တွင် ပြခန်း ၂၃ ခန်း ပြသထားမည်ဖြစ်ရာ ငါးလုပ်ငန်း ဦးစီးဌာန ပြခန်း၊ မြန်မာနိုင်ငံငါးလုပ်ငန်း ဦးစီးဌာနလက်အောက်ရှိ အသင်းများ၏ ပြခန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ပြခန်း၊ မြန်မာ့ရေထွက်ပစ္စည်းနှင့် ပတ်သက်သည့် လုပ်ငန်းပြခန်း၊ ပုစွန်ငါးမွေးမြူရေး လုပ်ငန်းရှင်များ၏ ပြခန်းများ ပြသသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် တွေ့ရသည့် အလှမွေးငါးများကို နိုင်ငံတကာ အလှမွေးငါးဈေးကွက်သို့ ထိုးဖောက်နိုင်ရန် အဓိကထား ဆောင်ရွက်လျက်ရှိရာ အလှမွေးငါးပြခန်းကို သီးသန့်နေရာပေးပြီး ထူးထူးခြားခြား ပြသသွားမည်ဖြစ်သည်။ အဆိုပါ ဈေးပွဲတော်ပြခန်း၌ ငါးသားဖောက်ခြင်း၊ ငါးအစားအစာ၊ ရေထွက်ပစ္စည်းများအတွက် လိုအပ်သော ဆေးဝါး၊ ပစ္စည်းကိရိယာများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။

မြန်မာ့ ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇-၂၀၀၈တွင် ဖျော်ဖြေရေး အစီအစဉ်ကိုလည်း ထည့်သွင်းသွားမည်ဖြစ်ရာ ဖျော်ဖြေရေးနှင့် သတင်းပြန်ကြားရေး ဆိုင်ရာနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး-၅ ဦးဝင်းကြိုင်အား မေးမြန်းခဲ့ရာတွင် ဖျော်ဖြေရေးအနေဖြင့် မြန်မာအငြိမ့် (သို့မဟုတ်) အဆိုအက၊ အရေးအတီးပြိုင်ပွဲတွင် ဆုရသူများ၏ ဖျော်ဖြေရေးအစီအစဉ်၊ ခေတ်ပေါ်တေးဂီတ အစီအစဉ်၊ လာရောက်အားပေးသည့် ပရိသတ်များထဲမှ ကိုယ်တိုင်ကိုယ်ကျ သီဆိုနိုင်သည့် ဖျော်ဖြေရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေးများ ပါဝင်ပျော်ရွှင်နိုင်စေရန်အတွက် Happy World အစီအစဉ်လည်း ပါဝင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် သန့်ရှင်းရေးကိုလည်း စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

(ကြေးမုံ)

**မြန်မာ့အလှ မွေးငါးဖြစ်သည့် ဒေါင်းငါးမွေးမြူမှု။**





၂၀၀၅ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရေထွက်ပစ္စည်း ဈေးပွဲတော်တွင် တီလားဗီးယားငါးသည် အဓိကဖြစ်သည်။



မြန်မာ့ရေထွက်ကုန်ပစ္စည်းများအနက်မှ ကမ္ဘာ့ဈေးကွက်ဝင် ငါးမြစ်ချင်း။

**နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်**

**မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက် လျော့နည်းနိုင်သည်။**

# လူငယ်များဘဝတန်ဖိုး၊ အသိဉာဏ်တိုးရေး ပျိုးထောင်ပေးနေသည့် ဘီးလင်းမြို့နယ်မှ ပရဟိတ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်း

**သတင်းဆောင်းပါး–မျိုးဇော်ခိုင်၊ ဓာတ်ပုံ–ဇာနည်**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ တောရစာသင်တိုက်တွင် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏ ဦးစီး၍ တိုင်းရင်းသားလူငယ်များ၏ ပညာရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဘုန်းတော်ကြီးသင် ပရဟိတ တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ကျောင်းကို ၁၉၉၇–၉၈ ပညာသင်နှစ်မှစ၍ တည်ထောင်ဖွင့်လှစ်ကာ တိုင်းရင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးလျက် ရှိနေသည်။

ကျောင်းစတင်ဖွင့်လှစ်သော နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသူကျောင်းသား ၆၄ ဦးကို သင်ကြားပေးခဲ့သည်။ ထို့နောက် တစ်နှစ်ထက် တစ်နှစ် ကျောင်းသားဦးရေ တိုးတက်များပြားလာသကဲ့သို့ သင်ကြားရသော အတန်းများကိုလည်း ပဉ္စမတန်း၊ ဆဋ္ဌမတန်းစသဖြင့် တိုးချဲ့၍ ပညာသင်ကြားပေးခဲ့သည်။ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင်မူ သူငယ်တန်းမှ ဒသမတန်းအထိ တိုးမြှင့်သင်ကြားနိုင်ခဲ့ပြီး အဆိုပါနှစ်မှာပင် ကျောင်းအိပ်၊ ကျောင်းစား ကလေးငယ်များ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ကလေးငယ်ပေါင်း ၆၀၉ ဦးအထိ လက်ခံကျွေးမွေး ပညာသင်ကြားပို့ချပေးခဲ့သည်။

ကလေးငယ်များတွင် မွန်၊ ကရင်၊ ဗမာ၊ ရှမ်း၊ ပအိုဝ်း၊ လီဆူး၊ ပလောင် စသော တောင်ပေါ်မြေပြန့်ဒေသအသီးသီးမှ တိုင်းရင်းသား ကလေးငယ်များ ပါဝင်ကြသည်။ ကျောင်းတိုက်တွင် နွေရာသီ ကျောင်းပိတ်ရက်များ၌ ဆရာ၊ ဆရာမများအား အဘိဓမ္မာ သင်တန်းပို့ချပေးခြင်း၊ ကလေးငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာ



**မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ တောရစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏထံ လှူဖွယ်ပစ္စည်းများကို စာရေးသူတို့အဖွဲ့ ဆက်ကပ်လှူဒါန်းစဉ်။**

သဒ္ဒါနှင့် စကားပြော သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိသည်။ အဆိုပါ ပရဟိတ ကျောင်းသို့ စာရေးသူတို့အဖွဲ့ ရောက်ရှိသွားသည့်အခါ ဆရာတော်ကြီးက "လူသားဘဝမှာ အသိတရားက အဓိကပါပဲ။ အသိတရား ချို့ငဲ့ရင် ဘဝက နိမ့်ကျမယ်၊ ဒါကြောင့် လူသားတို့ ဘဝတန်ဖိုး သိစေရာ၌ အဓိကဖြစ်တဲ့ အသိဉာဏ် ပေးဖို့အတွက် ဘုန်းဘုန်းအနေနဲ့ ဒီကလေးငယ်တွေ၊ လူငယ်တွေကို ခေတ်နဲ့လျော်ညီတဲ့ အတန်းပညာ၊ ခေတ်ပညာနဲ့ ဗုဒ္ဓဓမ္မအသိတရားတွေကို သင်ကြားပေးနေခြင်း ဖြစ်ပါတယ်" ဟု ခံယူချက်၊ ရည်ရွယ်ချက်များကို သဒ္ဒါရွှင်လန်းတက်ကြွစွာဖြင့် မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီးသည် သက်တော် (၇၂)နှစ်၊ ဝါတော် (၅၂)ဝါ ရှိပြီဖြစ်သော်လည်း စာသင်သား ကလေးငယ်များအား နေ့စဉ်မပြတ် ကိုယ်တိုင်ကွပ်ကဲကြပ်မတ်ပြီး သင်ကြားပေးနေသည်။ ထို့အပြင် ဆရာတော်ကြီးသည် နှစ်စဉ်မပျက် ဆယ်ရက် တရားစခန်းများ ဖွင့်လှစ်ခြင်း၊ မဟာသတိပဋ္ဌာန်ဝိပဿနာတရားများ ဟောပြောပြသခြင်း၊ ဘုန်းတော်ကြီးကျောင်း မရှိသေးသော ကျေးရွာများတွင် ကျောင်းသစ်များ တည်ထောင်ပေးခြင်း၊ ဗုဒ္ဓယဉ်ကျေးမှုများ သွန်သင်ဆုံးမခြင်း၊ ဗုဒ္ဓတရားတော်များအား သက်ဝင်ယုံကြည်လာအောင် ဟောပြောဆုံးမခြင်း၊ ရှင်ရဟန်းအဖြစ် သာသနာ့ဘောင် သွတ်သွင်းချီးမြှင့်ခြင်းများကို အထူးပြုဆောင်ရွက်တော်မူပါသည်။

ဆရာတော်ကြီးသည် ၁၉၉၄ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့ မကုဋာရာမ ကျောင်းတိုက်၌ ကျောင်းထိုင်နာယကအဖြစ် သီတင်းသုံးခဲ့ပြီး သီရိလင်္ကာနိုင်ငံ မြန်မာကျောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ် အဖြစ်လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် သံဃနာယကအဆင့်ဆင့် ရွေးချယ်မှုအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဖြစ်လည်းကောင်း၊ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ လောကီရေး၊ ဓမ္မရေးတို့၌ ထူးချွန်စွာ ရွက်ဆောင်တော်မူခဲ့သဖြင့် နိုင်ငံတော်အစိုးရက ၂၀၀၄ ခုနှစ် လွတ်လပ်ရေးနေ့တွင် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြု ဘွဲ့တံဆိပ်တော်ကို ဆရာတော်ကြီးအား ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ကျောင်းသားများ လက်ခံသင်ကြားပေးနေမှုများနှင့် ပတ်သက်ပြီး ဆရာတော်ကြီးက "ပညာသင်ကြားမှုအတွက် တချို့ကလေးတွေက အခက်အခဲ ရှိနေကြတယ်။ ဘုန်းဘုန်းကျောင်းမှာက သူငယ်တန်းကနေ ၁၀ တန်းအထိ ပညာဒါန အခမဲ့ သင်ကြားပေးနေတယ်၊ ၁၀ တန်းအောင်ပြီး တက္ကသိုလ်ရောက်သည်အထိ ဆက်လက်ကူညီပံ့ပိုးပေးသွားမယ်၊ ကျောင်းမှာနေလိုတဲ့ ကလေးက (၁) စာရိတ္တကောင်းမွန်ရမယ်၊ (၂) ကူးစက်တတ်သောရောဂါ ကင်းရမယ်၊ (၃) ပညာလိုလားသူဖြစ်ရမယ်" ဟူ၍ မိန့်ကြားပါသည်။

ဆက်လက်၍ ဆွမ်း၊ ဆွမ်းဟင်းကိစ္စများအတွက် မေးမြန်းလျှောက်ထားရာတွင်–

"ကျောင်းသားအင်အား နည်းစဉ်ကတော့ ကျောင်းရှိ သံဃာများ ဆွမ်းခံရာက ပိုလျှံတဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေနဲ့ ထောက်ကူကျွေးနိုင်ခဲ့ပေမယ့် များလာတဲ့အခါ ဆွမ်း၊ ဟင်းတာဝန်များက အခက်အခဲဖြစ်လာစေပါတယ်။ ဒါပေမယ့်လည်း တိုင်းမှူးနှင့်တကွ ဒေသခံအလှူရှင်တွေ၊ အနီးအဝေး အလှူရှင်များ လှူဒါန်းကြတဲ့အတွက် အခုထိ အောင်မြင်စွာ ဆက်လက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု မိန့်ကြားတော်မူပါသည်။

ကျောင်းတိုက်အတွင်း ဆောက်လက်စ အဆောက်အအုံတချို့ကို တွေ့ရပါသည်။ ကလေးငယ်များအတွက် စာသင်ဆောင်၊ အိပ်ဆောင်များနှင့် ထမင်းစားဆောင်များ ဆက်လက်ဆောက်လုပ်သွားရန် ရှိကြောင်းကိုလည်း သိခဲ့ရပါသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလထဲတွင် ကျောင်းရှိ ကလေးငယ်များအတွက် ရည်ရွယ်၍လည်းကောင်း၊ ထို့မှတစ်ဆင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ကျောင်းသူ၊ ကျောင်းသားများ မိုငြမ်းအားကိုးအားထားပြုနိုင်ဖို့ရာ ရည်ရွယ်၍လည်းကောင်း စာကြည့်တိုက်တစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ဆရာတော်ကြီး ကြီးမှူး၍ ရှင်အပါး ၁၀၀ သာမဏေဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကိုလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် အစီအစဉ်များ ရှိကြောင်းကိုလည်း သိခဲ့ရပါသည်။

ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ တောရစာသင်တိုက် ပရဟိတကျောင်းသို့ လှူဒါန်းလိုပါလျှင် ဖုန်း– ၀၉၅၁၉၉၃၁၂ သို့လည်းကောင်း၊ ဆရာတော် ဦးသောဘဏ (မဟာသဒ္ဓမ္မဇောတိကဓဇ) တောရစာသင်တိုက်နှင့် ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်း ပေါက်တောကျေးရွာ ဘီးလင်းမြို့ မွန်ပြည်နယ်သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း ဒါနသတင်းကောင်းပါးအပ်ပါသည်။ ။

**မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ တောရစာသင်တိုက် ဘုန်းတော်ကြီးသင် ပရဟိတ တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေး ကျောင်းသား၊ ကျောင်းသူများအား ဆရာတော်နှင့်အတူ တွေ့မြင်ရစဉ်။**




**✻ ကျောဖုံးမှ**

ဆောင်ရွက်ပေးနေမှုနှင့် ပစ္စည်းကိရိယာများ သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အရေပြားအထူးကုဌာနတွင် အထူးကု ဆရာဝန်ကြီး ဒေါက်တာခိုင်ခိုင်ဇော်က အရေပြားရောဂါကုသမှုခံယူသည့် လူနာများ အခြေအနေနှင့် ပြင်ပလူနာဌာနသို့ တစ်နေ့တာ လာရောက်ပြသသည့် လူနာအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်တွင် သီးသန့်ကလေးလူနာခန်း၊ သွေးလဲလှယ်ခန်း၊ နို့ရည်ပြင်ဆင်ခန်းနှင့် ကလေးအထူးပြုစုကုသခန်းများနှင့် မွေးကင်းစ ကလေးငယ်များအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ မီးယပ်ကုသဆောင်(၁) CME အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## The LIVE NEWS ဂျာနယ် အမှတ်(၆၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၆၅)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

တောင်ကိုရီးယားနိုင်ငံသို့ မြန်မာအလုပ်သမားများအား EPS စနစ်ဖြင့် တရားဝင်စေလွှတ်တော့မည်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားမဝင် ပြည်ပသို့ထုတ်မည့် ကန်ဒေါ်လာ ၉၀၀၀၀ ကျော်တန် ရတနာပစ္စည်းများနှင့် ကန်ဒေါ်လာ ၂၀၀၀ ကျော် လက်ဝယ်တွေ့ရသူ အိန္ဒိယနိုင်ငံသားအား အမှုဖွင့်အရေးယူ၊ ကမ္ဘာ့ဈေးကွက်သို့ ငါးမြစ်ချင်းအများဆုံးတင်ပို့သည့် နိုင်ငံစာရင်း၌ မြန်မာပါဝင်၊ နှစ်သစ်ရဲ့ ပထမဦးဆုံးနေ့မှာ ဖြန့်ချိမယ့် ဟိန်းဝေယံရဲ့ နက်ရှိုင်းဆုံးတစ်နေရာ၊ တကယ်လွတ်လပ်ကြရဲ့လား၊ မဟူရာထဲက စိန်နှင့် ညစာစားပွဲ၊ ပုဒ်ဖြတ် ပုဒ်ရပ်ကစ၍၊ သမိုင်းပုံရိပ်ထဲက ကိုင်းတန်းလမ်း(လတ်) William Street၊ ဒူးနေရာဒူး တော်နေရာတော်၊ ကြောင်းတူသံကွဲ ဆိုပေမယ့် နည်းနည်းလေးတော့ ပိုသာလိမ့်မယ်ဆိုတဲ့ တောင်ကိုရီးယားသမ္မတသစ်၊ ဂွတာနာမို အကျဉ်းစခန်း ပိတ်သိမ်းဖွယ် အလားအလာရှိ၊ အစ္စရေး–ပါလက်စတိုင်း ရင်ကြားစေ့ ငြိမ်းချမ်းရေးပွဲနှင့် နောက်ဆက်တွဲမြွေဖမ်းပွဲများ၊ သမ္မတအဖြစ် ဆက်လက်ရပ်တည်ဖို့ကြိုးပမ်းနေတဲ့ မူရှာရက်ဖ်၊ တက္ကစီမင်းနှင့် ကလေးရူး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မောင်ခင်မင်(ဓနုဖြူ)၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ မမြခက်၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ကိုလင်း (ဥက္ကံ)၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း (၀၀၄) လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂နှင့် ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## လှော်ကထားအထက (တတိယအကြိမ်) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထားအခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်းသိရသည်။(က–ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၈–၁၂–၂၀၀၇(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ ဖောင်းကတောရေလှော်တမံ
၈:၂၀ ၉။ အကပြိုင်ပွဲ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၀၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၅၀ ၅။ **"ဆုံစည်းခွင့်" (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) [ဒါရိုက်တာ–သိန်းဟန်–ဖီးနစ်]**
၅:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၅:၂၀ ၇။ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၈။ ဘာသာစကား သင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း–၂)
၅:၄၅ ၉။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု "ပြောင်းလဲသစ်လွင် ယနေ့ခေတ် ပညာရေး အစီအစဉ်"
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း–၃၁)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း–၁၄)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

**ယနေ့ မီးဘေးကိုတင်ကာကွယ်ရေးသည် နက်ဖြန်မီးဘေးလုံခြုံရေးဖြစ်သည်**

# ကရင်ပြည်နယ် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြု
## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၇

**ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။**



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကရင်ပြည်နယ် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး မြို့နယ်ဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်မှ မြို့နယ်ပညာရေးမှူး ဦးမင်းထွန်းတင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်နှင့်ကောလိပ်များမှ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းများကို ကြည့်လျှင် ကရင်ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်းသည် ၃၆ ဒသမ ၇၆ ရာခိုင်နှုန်းရှိပြီး မြန်မာတစ်နိုင်ငံလုံး၏ အောင်ချက်ရာခိုင်နှုန်း ၂၇ ဒသမ ၁၇ ရာခိုင်နှုန်းထက် လည်းကောင်း၊ အမှတ် (၁)အခြေခံပညာ ဦးစီးဌာန၏ အောင်ချက်ရာခိုင်နှုန်း ၂၇ ဒသမ ၀၂ရာခိုင်နှုန်းထက်လည်းကောင်း ကျော်လွန်နေသည်ကို တွေ့ရသည့်အတွက် အလွန်အားရဝမ်းသာ ဂုဏ်ယူမိကြောင်း၊ ယင်းသို့ အောင်ချက် မြင့်မားအောင် ထူးချွန်စွာအောင်မြင်မှုရအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ ပဟောပြောပို့ချပေးခဲ့ကြသည့် ဘားအံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ မိဘဆရာသမားများ၏ သင်ကြားပြသမှုအပေါ် လိုက်နာဆောင်ရွက် ကြိုးစားအားထုတ်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူမောင်မယ်များကို မှတ်တမ်းတင် ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးက ကရင်ပြည်နယ်၌အောင်ချက် အကောင်းဆုံး မြို့နယ်ဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်မှ မြို့နယ်ပညာရေးမှူး ဦးမင်းထွန်းတင်အားလည်းကောင်း၊ အောင်ချက် အကောင်းဆုံးကျောင်း ပထမဆုရ ဘားအံမြို့နယ် ခရားအတွင်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလှအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံးကျောင်း ဒုတိယဆုရ ကော့ကရိတ်မြို့နယ် ကော့ဘိန်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်စိန်စိန်အားလည်းကောင်း၊ အောင်ချက်အကောင်းဆုံး တတိယဆုရ လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းအားလည်းကောင်း၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒငါးဘာသာဂုဏ်ထူးရှင် ဘားအံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မြင့်ပိုင်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အောင်ချက် ၅၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ကြိုးစားအားထုတ်မှု အကောင်းဆုံးဆုရ ဘားအံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းအားလည်းကောင်း၊ အောင်ချက် ၅၂ ဒသမ ၀၈ ရာခိုင်နှုန်းဖြင့် ကြိုးစားအားထုတ်မှု အကောင်းဆုံးဆုရ ကော့ကရိတ်မြို့နယ် ကမ်းနီ အခြေခံပညာ အထက်တန်းကျောင်းအားလည်းကောင်း၊ ဘားအံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင်အား အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များတွင် ဂုဏ်ထူးရအောင် သင်ကြားပြသခဲ့သည့် ဘာသာရပ်သင်ထူးချွန်ဆရာ၊ ဆရာမများ အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းက ပုံပိုးကူညီတက္ကသိုလ်ဆုရ ဘားအံတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ မြမြအေး၊ ကြိုးစားအားထုတ်မှုအကောင်းဆုံး ဆရာ၊ ဆရာမများဆုရ ဘားအံမြို့နယ် ခရားအတွင်း အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများကိုယ်စား အထက်တန်းပြဆရာမ ဒေါ်မိမိကြည်သန်းအားလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)



**ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သဇင်ပန်းခက် ဇာထိုးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ ခရိုင်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။** (ခရိုင်ပြန်/ဆက်)



**မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာဆောက်လုပ်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနေ ကွယ်လွန်သူ (ဦးကြည်ထွန်း)အား ရည်စူး၍ ဇနီး ဒေါ်သိန်းဆင့်နှင့်သမီး မချိုမာဝင်းတို့က အလှူငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် လက်ခံယူစဉ်။** (ကြေးမုံ)



**နတ်ရေကန်ရွှေစောင်းဆုရှင်များ ရည်စူးထုလုပ် ပူဇော်ထားသည့် ဘုရားသုံးဆူ အပါအဝင် နတ်ရေကန် ဦးတင်မောင်ထွေး လှူဒါန်းသည့် နတ်ရေကန် နှစ်ကျိပ်ရှစ်ဆူဘုရား အနေကဇာတင်ပွဲကို ဒီဇင်ဘာ ၉ရက်က ရန်ကုန်-သန်လျင် ကျောက်တန်းလမ်းရှိ နန်းတော်ဦးစေတီ ဘုရားဝင်း အတွင်း ကျင်းပရာ အလှူရှင်များက ဆရာတော်၊ သံဃာတော်များ ရှေ့မှောက်၌ ရေစက်ချလှူဒါန်းကြစဉ်။** (က-ပ)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၇ ခုနှစ် အားကစားဝန်ကြီးဌာန၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။** (အား/ကာ)

# အားကစားဝန်ကြီးဌာန (၁၁)ကြိမ်မြောက်နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

**၂၀၀၇ ခုနှစ် အားကစားဝန်ကြီးဌာန၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန့်နေ့ နံနက် ၇ နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။**

အစီအစဉ်အရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး အားကစားဝန်ကြီးဌာနမှ ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးနှင့် ဇီးပင်ကြီးသင်တန်း၌ သင်တန်းသား ပထမဆုနှင့် သေနတ်ပစ် ထူးချွန်ဆုများရရှိသော ဦးဝင်းထက်မွန်၊ စစ်ရေးပြထူးချွန်ဆုရရှိသော ဦးအောင်စည်သူသိန်းနှင့် ဦးနီကိုဒေးမိုတို့အားလည်းကောင်း၊ ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင်တတိယဆုရရှိသည့်အားကစားဝန်ကြီးဌာနဘောလုံး အသင်းအားလည်းကောင်း၊ ဒုတိယတန်း ငွေတံဆိပ်ဆုရဘောလုံးအသင်းအားလည်းကောင်း၊ (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (မလေးရှား)သို့ သွားရောက်ခဲ့သည့် ဘောလုံးအသင်း အားလည်းကောင်း၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အကြိုပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် နှင်းအိဆွေ အား လည်းကောင်း၊ ပြည်တွင်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသည့် ထူးချွန်သည့် အားကစားသမားများအား လည်းကောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြု ရွေးချယ်ခြင်းခံရသည့် ဖြိုးမင်းသာ(တင်းနစ်)၊ မသန္တာအောင်(တင်းနစ်)၊ စံရွှေမောင်(ဘော်လီဘော)၊မင်းဟိန်းခန့်(ခရစ်ကက်)တို့အားလည်းကောင်း၊ ၂၀၀၇ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးများရရှိခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း ဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သစ်ရာပင်လမ်း သုဝဏ္ဏနေ ဗိုလ်မှူးကြီး ညိန်းဟန်(ငြိမ်း) ဒေါ်လှရှင် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)



လန်ကျန်း-မဲခေါင်မြစ် မှတ်တမ်းတင် အစီအစဉ် တရားဝင် ထုတ်လွှင့်မည့် အခမ်းအနားနှင့် 2008 CCTV New Year's Galaသို့ တက်ရောက်ရန် မြန်မာအနုပညာရှင်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# လန်ကျန်း -မဲခေါင်မြစ် မှတ်တမ်းတင်အစီအစဉ် တရားဝင်ထုတ်လွှင့်မည့်အခမ်းအနား တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံတော်အစိုးရ ရုပ်သံလွှင့်ဌာနများ ပူးပေါင်းကာ ၂၀၀၅ခုနှစ်မှ စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော လန်ကျန်း-မဲခေါင်မြစ် မှတ်တမ်းတင်အစီအစဉ်ကို ရိုက်ကူးတည်းဖြတ်ပြီးဖြစ်သည့်အတွက် တရားဝင်ထုတ်လွှင့်မည့် အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက်တွင်လည်းကောင်း၊ ယင်းသို့ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု အထိမ်းအမှတ်နှင့် 2008 CCTV New Year's Gala ကို ဒီဇင်ဘာ ၃၁ရက်တွင်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ အဆို၊ အက အနုပညာရှင်များသည် အထက်ပါ 2008 CCTV New Year's Gala တွင် သက်ဆိုင်ရာနိုင်ငံကို ကိုယ်စားပြု၍ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်(၂) ဦးထက်မြက်စိုး ဦးဆောင်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသူရှစ်ဦးပါဝင်သည့် မြန်မာအနုပညာရှင်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် CA-906 လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာသွားသည်။

မြန်မာအနုပညာရှင်အဖွဲ့အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၏မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ရန်ကုန်တိုင်းအမျိုးသား၊ အမျိုးသမီးအသင်းဗိုလ်စွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁နာရီက အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမတွင်ကျင်းပသည်။ ဗိုလ်လုပွဲ ပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အသက်(၁၄)နှစ်အောက်၊ (၁၆)နှစ်အောက်၊ (၁၈)နှစ်အောက်နှင့်အကြီးတန်းအမျိုးသား တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများအား အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့် သည်။ ထို့နောက် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါ) က အကောင်းဆုံးဆုရအမျိုးသမီး-မေသဥ္ဇာဦး(ရန်ကုန်)နှင့် အမျိုးသား သက်ခိုင်(ရန်ကုန်)တို့အား ဆုများချီးမြှင့်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကချင်ရိုးရာ မနောပွဲတော်တွင် ထည့်သွင်းကျင်းပမည့် ကြက်တောင်ပြိုင်ပွဲအတွက် အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ ကချင်ပြည်နယ် အသင်းအုပ်ချုပ်သူက လက်ခံ ရယူသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ပထမဆုရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီး အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)



အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (ကြေးမုံ)

# အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး (MEHS)နှင့် အထက(၁)ဒဂုံ ကျောင်းတို့၌ ၁၉၅၄ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်း၍ ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၈ခုနှစ်ဖေဖော် ဝါရီ၂ရက် (စနေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ-ဒဂုံသီရိခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉၅၀၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉၅၁၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း-၀၉၅၁၂၁၈၁၈၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ဒေါ်စန်းစန်း ဖုန်း-၀၉၅၀၁၇၁၉၆၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉၉၉၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း-၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉၈၀၃၂၂၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဘုရင့်နောင်ဈေးကြီးမိသားစု သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီမှ ဦးစီးလျက် သတ္တမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို ၂၀၀၈ခု ဇန်နဝါရီ ၁၂ရက်တွင် အဆိုပါဈေးကြီး ဈေးသာယာရေးရုံးတွင် ကျင်းပမည်ဖြစ်သည်။

သွေးလှူဒါန်းပွဲတွင် သွေးနှင့် ငွေများလှူဒါန်းလိုသူများ အနေဖြင့် သွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၀၉၅၁၆၈၀၉၂၊ ဈေးသာယာရေးအဖွဲ့ရုံးဖုန်း-၆၈၂၀၁၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သွေးအလှူရှင်နှင့် ငွေအလှူရှင်များအား ဈေးသာယာရေးအဖွဲ့မှ ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ချီးမြှင့်မည်ဖြစ်သည်။

ဘုရင့်နောင်ဈေးကြီး ဈေးမိသားစုများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနသို့ ယခင်(၆)ကြိမ် သွေးလှူဒါန်းခဲ့ရာတွင် သွေး ၁၄၁၂ ပုလင်းနှင့် ငွေကျပ် ၅၅သိန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး ဆင့်ပွားသင်တန်းဆင်းပွဲ လားရှိုးမြို့၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ပြန်လည်ထူထောင်ရေး စခန်းရုံး၌ ပြုလုပ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ဆင့်ပွားသင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက ယင်းသင်တန်းကျောင်းခန်းမ၌ ကျင်းရာ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသုတ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး ဦးသုတက အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးစွဲ၍ ဆေးဖြတ်ပြီးသူများအား ဆေးပြန်လည်မသုံးစွဲရန်အတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်နှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် HIV/AIDS ကူးစက်မှု အန္တရာယ် လျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်၍ UNODC, 3DF ပံ့ပိုးမှုဖြင့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး (ရန်ကုန်) (မန္တလေး)တို့မှ ကြီးကြပ် ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးသည့် ကြီးကြပ်ရေးမှူးများ အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ အလေ့အထ၊ မူးယစ်ဆေးဝါးအုပ်စုဝင် ဆေးဝါးများ၏အမည်နာမတို့နှင့် ပြန်လည်သုံးစွဲရသည့် အကြောင်းရပ်များကို ထိရောက်သေချာစွာ လေ့လာပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စီမံချက်မြို့နယ်များတွင် ကွင်းဆင်း၍ အောင်မြင်စွာ လုပ်ကိုင်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်း လက်မှတ်များကို လားရှိုးခရိုင်မှ သင်တန်းသား ဦးအုန်းငွေအား ပေးအပ်သည်။ ထို့နောက် သင်တန်းသား ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလုပ်အမှုဆောင် ဦးမြင့်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (လူမှုဝန်ထမ်း)

# ပဲခူး ဓမ္မဒူတတောရရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဂေါက်ကွင်းအနီးရှိ ဓမ္မဒူတတောရ သာသနာ့ရိပ်သာတွင် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရကိုယ်တိုင် ဓမ္မာနုပဿနာ တရားတော်များကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၇ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဒီဇင်ဘာ ၃၁ရက် ညနေအရောက် လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉၅၃၀၂၀၉၂၊ ၀၉၅၃၀၂၅၇၀၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၅၂-၂၃၂၆၃ နှင့် ကိုကျော်ဆန်း(ရန်ကုန်) ဖုန်း-၀၉၅၀၁၇၂၉၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## နိုင်ငံတကာ ထူးခြားဖြစ်စဉ်သတင်း



ပါကစ္စတန် အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို။ (ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို လုပ်ကြံခံရ

ရာဝါပင်ဒီ ဒီဇင်ဘာ ၂၇

ပါကစ္စတန် အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို (၅၄)နှစ်သည် ဒီဇင်ဘာ ၂၇ရက်က လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ) ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဝန်ကြီးချုပ်ဟောင်း ဘူတိုသည် ရာဝါပင်ဒီမြို့တွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ဆောင်ရွက်နေစဉ်အတွင်း လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်။ ဘူတိုသည် ရာဝါပင်ဒီမြို့တွင် ကျင်းပသည့် လူထုအစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ပစ်ခတ်ခံခဲ့ရသည်။ အသေခံဗုံးခွဲသူတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခြင်းမပြုမီ ဘူတိုအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် လည်ပင်းနှင့် ရင်ဘတ်တို့တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ယင်းမြို့ရှိ ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာမှ ညနေ ၆နာရီ ၁၆မိနစ်၌ ကွယ်လွန်သွားကြောင်း သိရသည်။

ရာဝါပင်ဒီမြို့တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုတွင် လူ ၂၀ထက်မနည်း သေဆုံးကြောင်း ပါတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***



ဒီဇင်ဘာ ၂၇ရက်က ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး နောက်အပျက်အစီးများကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၇**

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ယနေ့ နံနက် ၇နာရီတွင် နေပြည်တော် ဘော်လီဘောပြိုင်ကွင်း အမှတ်(၄)၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိသွားပြီး တတိယနေရာရရှိသွားသည်။

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဘော်လီဘောပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၁) ဗဟန်းမြို့နယ် ကျောင်းအားကစားကွင်း၌ ကျင်းပသော ရင်သွေးငယ်တို့၏ ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲ ရှီးရှီးပြေးပွဲ၌ ဆုရသမီးငယ်များအား ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး ဆုများပေးအပ်စဉ်။** (၄၁)

## ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မကွေးမြို့ ဖန်ခါးမြေ ဂေါက်ကလပ်၌ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**




မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးပြီး International Beverages Trading Co.,Ltdက အဓိကကူညီပံ့ပိုးပေးသော ဂရင်းရွိုင်းရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမလက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round) ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက်နှင့် ၆ရက်တို့တွင် မကွေးမြို့ရှိ ဖန်ခါးမြေဂေါက်ကလပ် (Phan Khar Myay Golf Club) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူး ဥပဒေသ (ST. Andrews) နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေသများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36) ဖြင့်ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အချက်အကျောမဲ့ပြိုင်ပွဲမှ အကောင်းဆုံး ရိုက်ချက်ဂေါက်သီးရိုက် အားကစားသမားငါးဦးတို့အား ဗိုလ်လုပွဲစဉ် (Final Round) အတွက် ရွေးချယ်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co., Ltd. ဖြစ်ပြီး Co-Sponsor အဖြစ် Dusit Inya Lake, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီမည်ဖြစ်ကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် (Han Event Management) က တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်းအဆင့် အမျိုးသားဂေါက်သီးရိုက်အားကစားသမားများသည် ဇန်နဝါရီ ၂ရက် နောက်ဆုံးထား၍ ဖန်ခါးမြေဂေါက်ကလပ် ဖုန်း-၀၆၃-၂၁၁၅၃ သို့ဆက်သွယ် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

## မှုခင်းသတင်းများ

### စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း မူးယစ် (အထူး)အဖွဲ့နှင့် ရွှေပေါက်ကံရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၂၁)ရပ်ကွက် ထွန်းရွှေဝါလမ်းနေအိမ်သို့ မစန်းမြ(၂၆)နှစ် (ဘ)ဦးမောင်ညွန့်(စောင်းမြောင်းကျေးရွာ ပင်လောင်းမြို့နယ်)ရောက်ရှိလာသဖြင့် ရှာဖွေခဲ့ရာ အိမ်သာအတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသည့် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ပြား၊ စက္ကူယားစာတန်းပါ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ပါ ခုနစ်ထုပ်နှင့် WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၊ စက္ကူယားစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြား စုစုပေါင်း ၁၈၀ ပါတစ်ထုပ်၊ အလေးချိန်စုစုပေါင်း ၁၅၈၈ဂရမ်တို့ကို တွေ့ရှိရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေပေါက်ကံရဲစခန်းမှ မယ (ပ)သတင်းချက်အမှတ် ၂/၂၀၀၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

### အောင်မြေဘုံသာ ရှမ်းကျောင်းတိုက်မှ လျောင်းတော်မူဘုရား ခိုးယူခဲ့မှုအမှုဖွင့်အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ပြည်လမ်းရှိ အောင်မြေဘုံသာရှမ်းကျောင်းတိုက်တွင် ယမန်နေ့ ညနေ ၆ နာရီခန့်က မသင်္ကာဖွယ်ရာ သံဃာတစ်ပါးကို မရမ်းကုန်းမြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျောင်းတိုက်မှ ဂေါပကအဖွဲ့ဝင် ဦးအောင်တင့်(ခ)စိုင်းအောင်တင့်တို့က စစ်ဆေးရာ အဆိုပါသံဃာမှာ အရှင်ခေမာစာရလင်္ကာရ (ခ)ချမ်းသာ (၂၈)နှစ် (ကလိုင်ကျေးရွာ သနပ်ပင်မြို့နယ် ပဲခူးတိုင်း) ဖြစ်ကြောင်းသိရပြီး ၎င်းသည် လွန်ခဲ့သည့်လပိုင်းက ကျောင်းတိုက်ရှိ ညီနောင်စေတီတွင် တည်ထားကိုးကွယ်ထားသော အလျားတစ်ပေခြောက်လက်မရှိ လျောင်းတော်မူဘုရားကို ခိုးယူခဲ့သည်ဟု ဝန်ခံခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်တင့်၏ တိုင်ကြားချက်အရ အရှင်ခေမာစာရလင်္ကာရ(ခ)ချမ်းသာကို လူဝတ်လဲ၍ မရမ်းကုန်း ရဲစခန်းက (ပ)သတင်းချက်အမှတ် ၆၅၄/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀/၂၉၅/၂၉၅-ကအရ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ပါရာဒိုက်ကုမ္ပဏီမှငွေများ ပျောက်ဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် သံလွင်လမ်းရှိ ပါရာဒိုက်ကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးစိုးမြင့်ဆွေသည် ယမန်နေ့ နံနက် ၈ နာရီခွဲခန့်က ကုမ္ပဏီသို့သွားရောက်ရာ ရုံးခန်းအတွင်းပစ္စည်းများ ပြန့်ကြဲနေပြီး အံဆွဲအတွင်းထားရှိသော ငွေကျပ် ၁၈၀၀၀၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဗဟန်းမြို့နယ်ရဲစခန်းသို့ လာရောက်ပြီး အမှုဖွင့်တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဗဟန်းရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၆၂၅/၂၀၀၇၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## သက်ငယ်တန်းတံခွန်စိုက် ရေကူးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd. တို့ ပူးပေါင်း၍ ပထမအကြိမ် Denk Pharma Cup သက်ငယ်တန်းတံခွန်စိုက်ရေကူးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် အုပ်ချုပ်သူများအစည်းအဝေးကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ရက် နံနက် ၁၀ နာရီတွင် ဦးဝိစာရလမ်းရှိ အိုလံပစ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသက်(၁၂)နှစ်အောက်၊ (၁၀)နှစ်အောက်၊ ရှစ်နှစ်အောက် သက်တန်းအလိုက် ရေကူးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနေ့တွင် အစီအစဉ်တင်ဆက်သူများအဖြစ် ဟာသသရုပ်ဆောင် အရိုင်း၊ ငှက်ပျောကြော်တို့ အပါအဝင် အနုပညာရှင်များက ပါဝင်ဆောင်ရွက်ကြမည်ဟု သိရသည်။ (ကြေးမုံ)

## နိုင်ငံတကာ ထူးခြားသတင်းများ

### အလာစကာဒေသကျွန်းငယ်တွင် အင်အားပြင်းငလျင်လှုပ်

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်အပိုင် အီလျူရှန်းကျွန်းဒေသတွင် ဒီဇင်ဘာ ၂၆ ရက်က အင်အား ၆ ဒသမ ၅ အဆင့်အထိ ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားခဲ့သည်။

အဆိုပါ ငလျင်လှုပ်သွားသော်လည်း မိုးလေဝသဌာနက ဆူနာမီရေလှိုင်းများဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ပြင်းထန်သောမြေငလျင်သည် နီကိုလာစကီးကျေးရွာအနီးတွင် မွန်းလွဲ ၁ နာရီ ၄ မိနစ်က လှုပ်သွားခြင်းဖြစ်သည်။ ငလျင်လှုပ်သွားသောနေရာသည် အလာစကာဒေသ အင်ကာရေ့ချ်မြို့ အနောက်တောင်ဘက်ကီလိုမီတာ ၁၅၀၀ အကွာ မြေအောက်အနက် ၃၃ ကီလိုမီတာတွင် ဗဟိုပြုကြောင်းသိရသည်။

ထိုမြေငလျင်ကြောင့် ဆူနာမီရေလှိုင်းများ တက်လာရန် အလားအလာမရှိသဖြင့် ဆူနာမီသတိပေးချက် တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိခဲ့ဟု အနောက်ဘက်ကမ်းခြေ ဆူနာမီ လေ့လာစောင့်ကြည့်ရေးဌာနက ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

### နိုင်ဂျီးရီးယားတွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ၍ ၃၄ ဦး သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၂၇**

နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့အနီးတွင် ဒီဇင်ဘာ ၁၅ရက်က လောင်စာဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ၃၄ ဦးထက်မနည်း မီးလောင်သေဆုံးခဲ့ရသည်။ ဒေသခံပြည်သူများသည် ဓာတ်ငွေ့ပိုက်လိုင်းကိုဖောက်၍ လောင်စာများကို ခိုးယူနေကြစဉ် ပေါက်ကွဲခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယား ကြက်ခြေနီအဖွဲ့က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် သေဆုံးသူများကို ကြက်ခြေနီအဖွဲ့က ယခုတိုင် ရှာဖွေလျက်ရှိနေဆဲဖြစ်ရာ သေဆုံးသူဦးရေတိုးလာနိုင်သည်ဟု အဆိုပါအဖွဲ့ အတွင်းရေးမှူး အဘီအိုဒန်အိုရီဘီရီက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာတွင် အလောင်း ၃၄ လောင်းကို တွေ့ရှိရကြောင်း လေဂို့စ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖရန်စ်မက်ချ်က ပြောကြားသည်။ ယင်းသို့သော အဖြစ်အပျက်မျိုးကို နိုင်ဂျီးရီးယားနိုင်ငံ၌ မကြာခဏကြုံရသည်။ ထိုနိုင်ငံသည် အာဖရိကတွင် လူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်ပြီး ရေနံလည်း ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

## မြတ်ဆရာပူဇော်ပွဲ

ဖောင်ကြီး အ-ထ-က ကျောင်းသူ၊ ကျောင်းသား ဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါ အစီအစဉ်အရ ကျင်းပမည်ဖြစ်ပါ၍ ၁၉၆၆ မှ ၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**ဆက်သွယ်ရန်-ကိုမောင်မောင်စိုး (ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး) ဖုန်း-၀၁-၆၂၉၅၀၁၊ ကိုစိန်မြင့်ထွန်း ဖုန်း-၀၉၅၁၁၆၉၅၆၊ ၇၀၉၅၅၃၊ ကိုမြင့်ကြွယ် ဖုန်း-၀၉၈၉၂၅၄၇၁၊ ကိုမြင့်စိုး ဖုန်း-၀၁-၆၂၉၀၅၂ လိုင်းခွဲ ၄၄၊ ကိုထိန်လင်း ဖုန်း-၀၁၆၂၉၀၅၂ လိုင်းခွဲ ၁၊ မအာရူး** (Top Point) **ဖုန်း-၂၅၄၄၄၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

**ကျင်းပမည့်အစီအစဉ်**

**ကျင်းပမည့်နေ့ - ၂၀-၁-၂၀၀၈ (တနင်္ဂနွေနေ့)**
**ကျင်းပမည့်အချိန် - နံနက် (၁၀)နာရီ**
**ကျင်းပမည့်နေရာ - အ-ထ-က (ဖောင်ကြီး)၊ ကျောက်စိမ်းခန်းမ**

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

### ကြည့်မြင်တိုင် အိုးဘိုရပ်ကွက်လုံးဆိုင်ရာ ဓမ္မပူဇာသဘင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

(၉၅)ကြိမ်မြောက် ကြည့်မြင်တိုင် အိုးဘိုရပ်ကွက်လုံးဆိုင်ရာ ဆွမ်းကြီးလောင်းပွဲတော် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အရှင်ပညာသီဟ (ရွှေညဝါ) ဆရာတော်က လည်းကောင်း၊ ဇန်နဝါရီ ၃ ရက်တွင်အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်) ဆရာတော်က လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ ဆရာတော်က လည်းကောင်း နေ့စဉ် ည ၇နာရီတွင် အိုးဘိုရပ်ကွက် ဗိုလ်သူရလမ်းမရှိ ဓမ္မသဘင်မဏ္ဍပ်၌ တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။

(က-ပ)

## ယာဉ်မောင်းသူများလိုက်နာရန်

ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ငယ်များတွင် တပ်ဆင်ထားသော ခါးပတ်များကို ယာဉ်မောင်း နှင့်အတူစီးနင်းသူများပါ ခါးပတ်များ ပတ်ထားကြပါရန် နှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

မြိတ်မြို့၊ တပ်ပြင်ရပ်နေ ဦးလှသန်း မှတ်ပုံတင်အမှတ် [၆/မအရ(နိုင်)၀၅၇၃၀၃] ကိုင်ဆောင်သူသည် မြိတ်မြို့၊ ကန်ဖျားမြေနီလမ်း၊ ကန်ဖျားရပ်နေ ဦးကြူစိန် မှတ်ပုံတင်အမှတ်[၆/ဘပန(နိုင်)၀၀၄၄၂၁] ကိုင်ဆောင်သူထံမှ ရွှေအုန်းပင်အော်-၁ မှတ်ပုံတင်အမှတ် (ON 4182) ငါးဖမ်းလှေ(၁)စင်း၊ ရွှေအုန်းပင်အော်-၂ မှတ်ပုံတင်အမှတ် (ON4302) ငါးဖမ်းလှေ (၁)စင်းနှင့် ရွှေအုန်းပင်အော်-၃ မှတ်ပုံတင်အမှတ် (ON 4215) ငါးဖမ်းလှေ (၁)စင်း ပေါင်း (၃)စင်းအား ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် နေ့မှစ၍ တစ်ပတ်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးလှသန်း [၆/မအရ(နိုင်)၀၅၇၃၀၃]**
**ဗိုလ်ဗထူးလမ်း၊ တပ်ပြင်ရပ်၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ဘီ)၊ မြေကွက်အမှတ် (၁၁-အေ/၁)၊ ဧရိယာ(၀.၀၆၀)ဧကနှင့် မြေကွက်အမှတ် (၁၁-အေ/၂)၊ ဧရိယာ (၀.၀၆၁)ဧကရှိ မြေပိုင်မြေကွက်တို့နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ်(၁၅၄)ဟုခေါ်တွင်သည့် (၂) ထပ်အဆောက်အအုံ အပါအဝင် မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ဖြစ်သူ ဦးခင်မောင်ဌေး[၁၂/ဗဟန(နိုင်)၀၈၀၂၀၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုမှုရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မိုး** (LL.B, D.B.L, D.M.L)
**တရားရုံးချုပ်ရှေ့နေ (စဉ်-၃၁၉၀)**
**အမှတ်(၅၆၁) ပထမထပ်၊** M.A.C Tower
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ကြည့်ရှုစစ်ဆေး



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၇

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဓာတ်မှန်ဌာနသို့ သွားရောက်၍ ဓာတ်မှန်စက်၊ Ultrasound MRI ဓာတ်မှန်စက်၊ Angiogran စက်နှင့် CT-Scan ဓာတ်မှန်စက်များ အသုံးပြုမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အကြောအဆစ် ကုသပညာဌာန စက်ပစ္စည်းကိရိယာများ အသုံးပြုမှု အခြေအနေနှင့် ဆေးရုံကြီးတွင် အသုံးပြုလျက်ရှိသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းသည့် Biomedical Workshop အလုပ်ရုံရှိ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အသည်းရောဂါ အထူးကုဌာနသို့ ရောက်ရှိ စစ်ဆေးပြီး အတွင်းလူနာ ကုသဆောင်များနှင့် အသည်းရောဂါ အထူးကုဌာနတွင် အသုံးပြုလျက်ရှိသော အစာအိမ်မှန်ပြောင်း ဓာတ်မှန်စက်ကို လည်းကောင်း၊ သွေးရောဂါအထူးကုဌာနတို့သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် Physiotherapy Unit ခန်းသို့ သွားရောက်၍ လူနာများအား လေ့ကျင့်ကုသ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**



**မိုးရာသီတွင် အင်းလျားကန် ရေလျှံမှုနှင့် အင်းလျားကန် ရေဝေရေလဲနေရာများ ရေလျှံမှုမဖြစ်ပေါ်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း စာမျက်နှာ (၇)တွင် ဖတ်ရှုပါရန်။**

## သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား